# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ စနေနေ့။ Saturday, 22 April 2023 ၁၁၀၇၃


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး**

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ကြေးမုံ

# ပြည်ထောင်စုကြီး တည်တံ့ဝပြောရေး မကောင်းမှုဒုစရိုက်များတားဆီး

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာကို အများစု ကိုးကွယ်ယုံကြည်ဆည်းကပ်ကြပြီး ကံ၊ ကံ၏အကျိုး၊ ကောင်းမှု၊ မကောင်းမှုအကျိုးများကို ယုံကြည်လက်ခံလိုက်နာကျင့်သုံးခဲ့ကြသောနိုင်ငံဖြစ်သည်။ သူတစ်ပါး၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်နစ်နာစေခြင်း၊ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာများကို ခိုးဝှက်ခြင်း၊ လုယူခြင်း၊ ကာမဂုဏ်၌ မှားယွင်းစွာကျင့်ခြင်း၊ လိမ်လည်လှည့်စားခြင်း၊ မူးယစ်ဆေးဝါးတို့ကို သယ်ဆောင်သုံးစွဲခြင်း စသည်တို့သည် တရားဥပဒေကိုချိုးဖောက်သည့် ဒုစရိုက်အမှုများဖြစ်သည်။

ဤဒုစရိုက်အမှုများသည် နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှုကို ပျက်စီးစေပြီး နိုင်ငံတော်၏အကျိုးစီးပွားကို ဆုတ်ယုတ်ပျက်ပြားစေသည်။ ထို့ကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာ၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ရေး၊ ပြည်ထောင်စုကြီး တည်တံ့သာယာခိုင်မြဲရေးတို့ကို နိုင်ငံတော်အစိုးရက အလေးထား၍ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့် ပြည်သူအပေါင်းတို့၏ ကောင်းကျိုးစီးပွားများကို အလိုရှိကြသော ပြည်သူအပေါင်းတို့ကလည်း မင်းမဲ့စရိုက်များဖြစ်သည့် မကောင်းမှုဒုစရိုက်မှုများကို ရှောင်ရှားပြီး ဝိုင်းဝန်းတားဆီးကာကွယ်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အစိုးရအနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးသည့်ကာလမှစ၍ လူမျိုးစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကြောင့် အတွေးအခေါ် အယူအဆလွဲမှားပြီး လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်လာသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ ပြည်သူများ အတိဒုက္ခရောက်ခဲ့ဖူးသည်။ ခေတ်အဆက်ဆက်တွင်လည်း ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ နိုင်ငံရေးပယောဂစွဲများကြောင့် တိုင်းပြည်ဖျက်ဆီးမှု၊ ဆူပူအကြမ်းဖက်မှုများဖြစ်ခဲ့ဖူးသည်။ တစ်ပြည်တည်းနေ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်း သွေးချင်းများဖြစ်သော်လည်း အယူဝါဒကွဲပြားမှုများဖြစ်ပေါ်ပြီး သွေးရင်းသားရင်း သံသယပွားလျက် စည်းလုံးညီညွတ်မှုပျက်ပြားရာမှ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့သည်။

လက်ရှိကာလတွင် ဒီမိုကရေစီအရောင်ဆိုး၍လည်းကောင်း၊ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်၍လည်းကောင်း၊ အစွန်းရောက်နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့်တစ်ဖုံ၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ကွယ်ရာတစ်မျိုး၊ နိုင်ငံတကာမျက်နှာစာတွင်တစ်မျိုး အားပေးအားမြှောက်ပြုလုပ်နေသည့် နိုင်ငံကြီးအချို့နှင့် အဖွဲ့အစည်းအချို့၏ လုပ်ရပ်များကြောင့်တစ်မျိုး၊ ပြည်ပအထောက်အပံ့ခံ အလိမ်အညာမီဒီယာများ၏ ဝါဒဖြန့်မှုကြောင့်လည်းကောင်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသော အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်နေဆဲဖြစ်သည်။ အဆိုပါလုပ်ရပ်များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင်ပြုလုပ်နေသော ဒုစရိုက်အမှုများဖြစ်၍ ထိရောက်စွာ ဝိုင်းဝန်းတားဆီးကာကွယ်ကြရမည်ဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော CRPH နှင့် NUG အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးမှုကြောင့် ဖြစ်ပေါ်လာသော PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ပြည်တွင်း၌ အကြမ်းဖက်မှု၊ ဒုစရိုက်မှုအမျိုးမျိုး ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူအတွက်ဟု သုံးနှုန်းပြီး ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ လုယက်ဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်နေသည်။ မကြာသေးမီရက်များက ဘုရားဖူးပြည်သူများကို အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ သင်္ကြန်ကာလ ပြည်သူများ ပျော်ရွှင်စွာရေကစားနေမှုကို မနာလိုမရှုဆိတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ရိုးသားသည့် ကျေးရွာသူကျေးရွာသားများနှင့် ကျေးရွာများ၊ စာသင်ကျောင်းများကိုအသုံးချခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ဖျက်ဆီးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ဧပြီ ၂၀ ရက်က ပုသိမ်ကြီးမြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက ရဟန်းသံဃာယောင်ဆောင်၍ ယုတ်မာပက်စက်သည့်အကြံအစည်များဖြင့် လာရောက်တိုက်ခိုက်ခဲ့သည်အထိ ပြုလုပ်လာသည်ကိုတွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ချစ်ခင်ရင်းနှီးမှု၊ ဆုတ်ယုတ်ပျက်ပြားအောင်ပြုလုပ်သည့် မင်းမဲ့စရိုက်များဖြစ်သော အကြမ်းဖက်မှုများ၊ မကောင်းမှုဒုစရိုက်မှုများကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းတားဆီး ကာကွယ်နှိမ်နင်းကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(အင်းစိန်မြို့နယ်) ဆဋ္ဌမအကြိမ် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း၏ ဆဋ္ဌမအကြိမ် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ၂ နာရီတွင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းရုံးခန်း၌ ပြုလုပ်ခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် အလှူရှင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မြို့နယ်သတင်းစာဆရာအသင်း၏ ဆဋ္ဌမအကြိမ် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲ ဖြစ်မြောက်ရေးအတွက် မတည်အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းအတွင်းရေးမှူး ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးမြင့်ဦးက လက်ခံရယူ၍ ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

အဆိုပါ မြို့နယ်သတင်းစာဆရာအသင်း၏ ဆဋ္ဌမအကြိမ်မြောက် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လူထုအခြေပြုဗဟိုဌာနရှိ ဘက်စုံသုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## သထုံခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

သထုံ ဧပြီ ၂၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာပေ ချစ်မြတ်နိုးသူများ(Book Club)အဖွဲ့နှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကာ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ကျင်းပသည်။




ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာဖတ်ဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် လူထုအခြေပြုဗဟိုဌာန၌ လစဉ်စာဖတ်ဝိုင်းများပြုလုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်က စာပေရေးရာများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်တို့က စာရေးဆရာ ကျော်ဝင်းဟိန်း(ပခုက္ကူ) ရေးသားသည့် "နှလုံးသားယဉ်ကျေးမှု စာစုများ" စာအုပ်ကို အခန်းအလိုက်ဖတ်ရှုပြီး မှတ်သားဖွယ်ရာများနှင့် နှစ်သက်ရာများကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁ - ၄ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| MTSH | ၃,၉၅၀ | ၃,၁၀၀ | ၈,၁၈၀ | ၂၄,၆၀၃,၅၅၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၂,၆၁၇ | ၃,၈၈၉,၄၀၀ |
| TMH | ၂,၄၅၀ | ၂,၅၅၀ | ၁၁၀ | ၂၇၀၀,၅၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၁၅ | ၃၉,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၉၉ | ၉၆၀,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၃၀၂.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၄.၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၀၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၈၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၅.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၃.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၉.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၇.၉၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်လူကုန်ကူးမှုများ၊ မူးယစ်ကုန်သွယ်မှုများနှင့် လက်နက်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai နှင့် တွေ့ဆုံ

**နေပြည်တော် မေ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အပါအဝင် နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင်လုပ်ငန်းများ အတူတကွ တိုက်ဖျက်သွားရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ထိုင်းနိုင်ငံရောက် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စစ် ပေါ်ပီမိုကန်ချနာလတ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏အကြံပေး ပုဂ္ဂိုလ် မစ္စစ် ပေါ်ပီမိုကန်ချနာလတ် ကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး ကဏ္ဍ၊ မြန်မာနိုင်ငံသို့ အာဆီယံလူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟို ဌာန (AHA Centre) မှတစ်ဆင့် လှူဒါန်းမည့် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား စီမံခန့်ခွဲရေးကိစ္စရပ်များအပြင် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရေးကိစ္စရပ်များအား နှစ်ဖက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၃ တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် လမ်းညွှန်ပို့ချ



**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦးသည် ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာနက ဖွင့်လှစ်လျက်ရှိသည့် ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်း ခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၃ တွင် လမ်းညွှန်ပို့ချသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေ ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်အချိန်မှစ၍ ပြစ်မှုဆိုင်ရာအမှုများကို နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ခဲ့ပြီး ခေတ်အဆက်ဆက် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဥပဒေရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ပေးခြင်း၊ ဥပဒေမူကြမ်းများကို စိစစ်အကြံပြုခြင်း၊ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများနှင့် စီးပွား ရေးစာချုပ်စာတမ်းများကို စိစစ်အကြံပြုပေးခြင်းအပြင် ဥပဒေစာအုပ် များ၊ ဥပဒေဘာသာပြန်စာအုပ်များထုတ်ဝေခြင်း၊ သင်တန်းများပေးခြင်း၊ မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ် ဝန်ဆောင်မှုပေးခြင်း စသည့် ဥပဒေရေးရာဝန်ဆောင်မှုများကို ပုံစံမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ ဥပဒေပညာသင်တန်းကျောင်းကို တည်ဆောက်လျက်ရှိပြီး သင်တန်းကျောင်းဆောက်လုပ်ပြီးစီးပါက ဌာနတွင်းဝန်ထမ်းများအပြင် အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ရှေ့နေရှေ့ရပ်များအတွက်ပါ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများ ဖွင့်လှစ်ပေးမည်ဖြစ်ပါ ကြောင်း။

ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်တွင်းဥပဒေရေးရာကိစ္စများ သာမက ASEAN နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စများတွင် လည်း ပါဝင်ဆောင်ရွက်ရပါကြောင်း၊ သို့ဖြစ်ပါ၍ သင်တန်းသားများ အနေဖြင့် တရားစွဲအမှုလိုက်လုပ်ငန်းသာမက မိမိတို့ အရည်အသွေးများ အစဉ်မြင့်မားနေစေရန် ရည်မှန်းချက်ကြီးကြီးထားပြီး ကြိုးစားဆောင် ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဥပဒေအရာရှိတစ်ဦးအနေဖြင့် လိုအပ် သည့် ဥပဒေစာအုပ်စာတမ်းများကိုလည်း မိမိတို့လက်ဝယ်တွင်ရှိရမည် ဖြစ်ကြောင်း၊ မိမိတို့ကျရာတာဝန်ကို ဆောင်ရွက်ကြရာတွင်လည်း အဂတိတရားကင်းစင်ရန် လိုအပ်သည့်အပြင် ပြည်သူနှင့် ဆက်ဆံရာ တွင်လည်း ပြေပြစ်စွာပြောဆိုဆက်ဆံကြရန် လိုအပ်ပါကြောင်း၊ သင်တန်းသားများသည် ဥပဒေအရာရှိကျင့်ဝတ်များကို လိုက်နာကြရ မည့်အပြင် ရိုးရိုးကျင့် မြင့်မြင့်ကြံကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြား သည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ တာဝန် ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟောင်း Honorable Albert F.Del Rosario ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာ ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၁) ဖိုးစိန်လမ်းမ ကြီးရှိ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံး ၌ ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင် ကွယ်လွန်သွားသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟောင်း Honorable Albert F. Del Rosario အတွက် ဖွင့်လှစ် ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ သွားရောက်လက်မှတ်ရေးထိုးသည်။

နိုင်ငံခြားရေးဝန်ကြီးဟောင်းသည် ၂၀၁၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး အသက် (၈၃)နှစ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စစ် ပေါ်ပီမိုကန်ချနာလတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စစ် ပေါ်ပီမိုကန်ချနာလတ် ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စစ် ပေါ်ပီမိုကန်ချနာလတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က နေပြည်တော် နယ်မြေအတွင်း စွန့်ပစ်ပစ္စည်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး တွန်းအားပေးဆောင်ရွက်



နေပြည်တော် ဧပြီ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းခုတ်ဒေသတွင် တည်ဆောက်လျက်ရှိသည့် ၆၆/၁၁ ကေဗွီ (၁၀)အမ်ဗွီအေ မိုင်းခုတ်ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်မည့်နေရာတို့ကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းမြတ်ရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၆၆/၁၁ ကေဗွီ (၁၀)အမ်ဗွီအေ မိုင်းခုတ်ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဓာတ်အားခွဲရုံတွင် တပ်ဆင်အသုံးပြုမည့် ထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများ ရောက်ရှိနေရာ ချထားမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဓာတ်အားခွဲရုံတွင် တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစေရေးနှင့် သတ်မှတ်ထားသည့် အချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်မှာကြားပြီး ဓာတ်အားခွဲရုံအတွင်း Control Building တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဓာတ်အားခွဲရုံသုံး ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိနေရာချထားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိုင်းခုတ်မြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်မည့်နေရာသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ကုမ္ပဏီများမှ တာဝန်ရှိသူတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပဏာမစူးစမ်းလေ့လာထားမှုနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင်လည်း ခေတ်မီ အဆင့်မြင့်နည်းပညာများအသုံးပြု၍ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သို့မှသာ ဓာတ်အား ထုတ်လုပ်မှု ကုန်ကျစရိတ်လည်း သက်သာသွားမည်ဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ပြီးပါကလည်း ထွက်ရှိလာမည့်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများကိုလည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အကောင်အထည်ဖော် တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ ဓာတ်အားလိုင်းများ တည်ဆောက်နိုင်ရန်အတွက် လမ်းအူကြောင်းတိုင်းတာခြင်း လုပ်ငန်းများကိုလည်း အမြန်ဆုံး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားကာ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရန်အတွက် ကုန်ကြမ်းထုတ်လုပ်နိုင်မှုပမာဏနှင့် ဓာတ်အားထုတ်လုပ်နိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့အနီးတွင် ဆောင်ရွက်မည့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းတည်ဆောက်မည့် နေရာသို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးဆောင်ရွက်သွားမည့် အခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး တွန်းအားပေး ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရန်အတွက် ကုန်ကြမ်းထုတ်လုပ်နိုင်မှုပမာဏနှင့် ဓာတ်အားထုတ်လုပ်နိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသောထုတ်ကုန်(အုန်းသီး)တန်ဖိုးကွင်းဆက် တစ်လျှောက် အဆင့်မြင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း စတင်သည့်အခမ်းအနား ကျင်းပ



ပုသိမ် ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက် တစ်လျှောက် အဆင့်မြင့်တင် ထုတ်လုပ်ခြင်းစီမံကိန်း စတင်သည့်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုလို ဧရာဝတီတိုင်း ဒေသကြီး၏ အုန်းသီးတန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေးအဆင့်မြှင့်တင်စီမံကိန်းကို ထိုင်းနိုင်ငံ မဲခေါင်သိပ္ပံမှ ACMECS ROK ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့က တာဝန်ခံဌာနအဖြစ် ဧရာဝတီတိုင်းဒေသကြီးမှ အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများ အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လာရောက်တွေ့ဆုံဆွေးနွေးခြင်း ဖြစ်ကြောင်း၊ ဧရာဝတီတိုင်း ဒေသကြီး၏ အုန်းသီးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ပြုလုပ်ပေးရန် လိုအပ်နေကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အုန်းသီးထုတ်လုပ်မှုလုပ်ငန်းမှာ နည်းပညာများ ရရှိစေရန်နှင့် အရည်အသွေးမြင့် အုန်းသီးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် အုန်းသီးထုတ်လုပ်မှုမှ ကုန်ချော ထုတ်လုပ် ရောင်းချသည်အထိ တိုးတက်ဆောင်ရွက်နိုင်ရန် ယခုလို ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားအုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာအကူအညီများ ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်ကိုလည်း အရည်အသွေးမြင့် အုန်းသီးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေပိုမိုရရှိရန် ရည်ရွယ်ခြင်းလည်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားများ ဆက်လက်ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အလားအလာရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင် ထုတ်လုပ်ခြင်း စီမံကိန်း အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးပြီး စီမံကိန်းစတင်ကြောင်းကြေညာ၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုမဟာဗျူဟာ (Ayeyawaddy–Chao Phraya–Mekong Economic Cooperation Strategy–ACMECS) ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ၂၀၂၃ ခုနှစ် မေ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီ ၃၀ ရက် အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သူများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်လာနိုင်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်ထားရှိကြောင်း သိရသည်။

တိုင်းဒေသကြီး

(ပြန်/ဆက်)

## အလုံမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

အလုံ ဧပြီ ၂၁

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရန်ကုန်တိုင်းသတင်းစာဆရာအသင်း တိုင်းအလုပ်အမှုဆောင် ဦးမောင်မောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ချိုက သင်တန်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးသူများနှင့် သင်တန်းကို စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့သော သင်တန်းသား သင်တန်းသူများအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ကာတွန်းနေမင်းအား ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းနှင့် သင်တန်းထူးချွန်ဆုရရှိသူများ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းတို့ကို တက်ရောက်သူများက ဆောင်ရွက်ခဲ့သည်။

မောင်မောင်(လျှပ်စစ်)



သက်ရှိကမ္ဘာရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကာကွယ်ကြမယ်၊ အပူဒဏ်အန္တရာယ်

## စိန်ငွေးလှိုင်(ဟိုပုံးမြေ)

"မနှစ်ကထက်ပူတယ်"၊ "ပူလိုက်တာဘယ်လို နေရမှန်းမသိဘူး" ဆိုသော စကားသံများမှာ နွေရာသီသို့ရောက်ရှိလာလျှင် ကြားရစမြဲဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်အညာဒေသများတွင် အမြင့်ဆုံးအပူချိန်မှာ ၄၃ ဒီဂရီစင်တီဂရိတ်အထိ ရှိတတ်သည်။ နေ့တာရှည်၍ ညတာတို၏။ နေ့လယ်နေ့ခင်းအချိန်များတွင် အပြင်သို့မထွက်နိုင်လောက်အောင် ပူပြင်းလှသည်။ ယခင်က ရာသီဥတုပူပြင်းခြင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်အညာဒေသများတွင် ဖြစ်ပေါ်တတ်သော်လည်း ယခုအခါတွင် တစ်နိုင်ငံလုံးနီးပါး သိသိသာသာ ဖြစ်ပေါ်လျက်ရှိသည်။

### ကျန်းမာရေးဆိုင်ရာပြဿနာများ

အပူလွန်ကဲခြင်းကြောင့် နောက်ဆက်တွဲခံစားရမည့် ကျန်းမာရေးဆိုင်ရာပြဿနာများမှာ ချွေးအထွက်များပြီး ခန္ဓာကိုယ်ယားယံကာ နေမထိထိုင်မသာဖြစ်ခြင်း၊ အနီကွက်များဖြစ်ပေါ်လာခြင်း၊ ရေ နှင့် ဓာတ်ဆားများ အထူးသဖြင့် ဆိုဒီယမ်ဓာတ်ဆုံးရှုံးမှုကြောင့် ကြွက်သားများတောင့်တင်းနာကျင်ခြင်း၊ ပူလောင်သည့်နေရာတွင် ကြာရှည်မတ်တတ်ရပ်ခြင်း၊ ထိုင်ခြင်းတို့ကြောင့် ခြေထောက်များဖောရောင်လာခြင်း၊ ကြွက်တက်ခြင်း၊ အပူဒဏ်ကြောင့် သွေးကြောများမှာ ကျယ်လာပြီး ရုတ်တရက်မူးမေ့ခြင်း စသည်တို့ဖြစ်ကြသည်။ ပူပြင်းသောရာသီဥတုတွင် ချွေးများထွက်လာရာ ၎င်းနှင့်အတူ ဆားဓာတ်များလည်း ကုန်ခန်းသွား၏။ ထိုအချိန်တွင် ရေကိုမသောက်မိပါက ခန္ဓာကိုယ်က ပြန်လည်ထိန်းညှိပေးသော အမိုးနီးယားဖြစ်စဉ်အရ ဆီးအရောင်ရင့်လာကာ ဆီးချုပ်ခြင်းကိုဖြစ်စေသည်။ အပူချိန်မြင့်မားမှုကြောင့် ဆုံးရှုံးသွားသောရေနှင့် ဆိုဒီယမ်ဓာတ်တို့ကို ပြန်လည်မဖြည့်တင်းနိုင်ပါက အပူလျှပ်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင် ခန္ဓာကိုယ်၏အပူဓာတ်ကို ထိန်းညှိပေးသည့်စနစ်မှာ ချို့ယွင်းလာကာ အပြင်းအထန်ဖျားနာခြင်းကိုဖြစ်ပေါ်စေနိုင်၏။

အပူလျှပ်၍ဖျားနာပါက သတိလစ်ခြင်း၊ တက်ခြင်း၊ ပြင်းထန်စွာ ခေါင်းမူးခြင်း၊ အမြင်ဝေဝါးခြင်း၊ ဂယောင်ချောက်ချားဖြစ်ခြင်း၊ မေ့မြောသွားခြင်း၊ အရေပြားခြောက်သွေ့ပူလောင်ခြင်း၊ သွေးပေါင်ချိန်ကျလာခြင်း၊ အသက်ရှူမြန်ခြင်း၊ ခန္ဓာကိုယ်၏ အပူချိန်သည် ၁၀၅ ဒီဂရီဖာရင်ဟိုက်အထက်သို့ရောက်ရှိခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်းတို့ ခံစားရတတ်သည်။ ထိုအချိန်တွင် လူနာကို ပါးပါးချောင်ချောင် အဝတ်အစားဝတ်ပေးပါ။ အေးသည့်နေရာသို့ ရွှေ့ထားပါ။ လေအေးပေးစက်၊ ပန်ကာဖွင့်ပေးပါ။ ရေပတ်တိုက်ပေးပါ။ အရည်သောက်နိုင်ပါက အရည်များများတိုက်ပါ။ ဓာတ်ဆားရည်တိုက်ပါ။ ၎င်းအခြေအနေမှာ အရေးပေါ်ကုသရန်လိုအပ်သည့်အတွက် ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသရပါမည်။

အပူလျှပ်ခြင်းသည် ကလေးငယ်များ၊ အဝလွန်သူများ၊ အသက်အရွယ်ကြီးရင့်သူများတွင် ပို၍အဖြစ်များတတ်၏။ ရိုးရိုးသာမန်အပူလျှပ်သည့်လက္ခဏာများမှာ ချွေးထွက်များခြင်း၊ ဖြူဖပ်ဖြူရော်ဖြစ်ပြီး ခြေဖျားလက်ဖျားအေးစက်ခြင်း၊ ခေတ္တမူးမေ့ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရေငတ်ခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ ပျို့အန်ခြင်း၊ သွေးခုန်နှုန်းမြန်ခြင်းတို့ဖြစ်ကြသည်။ နေပူထဲမှပြန်လာပြီးစအချိန်တွင် ချက်ချင်းရေချိုးခြင်း၊ မျက်နှာသစ်ခြင်းတို့ပြုလုပ်ပါက အပူလျှပ်ခြင်းကို ဖြစ်ပေါ်စေနိုင်၏။ အဘယ်ကြောင့်ဆိုသော် လူ၏ခန္ဓာကိုယ်သည် ပူနေရာမှ ရုတ်တရက်အေးသွားသောအခါ အရေပြားရှိ သွေးကြောများ၏ တုံ့ပြန်မှုမှာ ကမောက်ကမဖြစ်ကာ နှလုံးခုန်ခြင်းကိုပင် ရပ်တန့်စေနိုင်သည်။

နွေရာသီတွင် အချို့လူများ၏ ရင်ဘတ်၊ ကျောကုန်းအပေါ်၊ လည်ပင်း၊ လက်မောင်းတို့၌ မိတ်ဖုများ ပေါက်တတ်သည်။ မိတ်ပေါက်ခြင်းကို ဆေးပညာအရ cholinergic urticaria ဟုခေါ်ဆိုပြီး ကိုယ်တွင်းအပူချိန်မြင့်တက်လာသည့်အခါ ဖြစ်လေ့ဖြစ်ထရှိသော အရေပြားဆိုင်ရာပြဿနာတစ်ခုဖြစ်၏။ ချွေးထွက်လေလေ ပို၍ယားယံလေလေဖြစ်သည်။ ချွေးထက်များသူ၊ အပူအစပ်အစားအစာများကို လွန်စွာစားသုံးသူ၊ စိတ်ပူပန်မှုများသူတို့တွင် မိတ်ပေါက်တတ်၏။ အရေပြားပေါ်ကို သက်ရောက်လာသည့် ပြင်ပအပူချိန်နှင့် လူ၏ခန္ဓာကိုယ်တို့ ဓာတ်မတည့်မှုပင်ဖြစ်၏။ ခန္ဓာကိုယ်၌ အပူချိန်ပြန်ကျသွားသောအခါ၊ မိုးရွာသောအခါတွင် အလိုအလျောက်ပျောက်သွားတတ်၏။ ဒေသနည်းအရ သနပ်ခါး၊ မန်ကျည်းခေါက်တို့ လိမ်းပေးခြင်းအားဖြင့်လည်း သက်သာပျောက်ကင်းစေသည်။

### လိုက်နာရမည့်အချက်များ

အပူဒဏ်ကြောင့် မလိုလားအပ်သော ကျန်းမာရေးဆိုးကျိုးများမဖြစ်ပေါ်စေရန် လူတို့သည် သွားလာနေထိုင်မှုပုံစံများကိုလည်း ဂရုစိုက်ရပါမည်။ လိုက်နာရမည့်အချက်များမှာ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း၌ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင်ရေချိုးခြင်းကို ရှောင်ကြဉ်ပါ။ အရိပ်ရပြီး အေးမြသောနေရာများတွင်နေထိုင်ပါ။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။ နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။ နေ့ခင်းဘက်တွင် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အလင်းရောင်ပြန်သော အဖြူရောင်နှင့် အရောင်ဖျော့သည့်အဝတ်အထည်များကို ဝတ်ဆင်ပါ။ ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။ နွေရာသီတွင်ကျရောက်သည့် နေရောင်တွင် ခရမ်းလွန်ရောင်ခြည်များသဖြင့် နေလောင်ခံခရင်(မ်)ကို လိမ်းပြီး နေကာမျက်မှန်ကိုလည်း တပ်ဆင်သင့်ပါသည်။ ပြတင်းပေါက်များကို ဖွင့်ထားခြင်းအားဖြင့် လေဝင်လေထွက်ကောင်းကာ ပူသောလေများကို ဖလှယ်သကဲ့သို့ဖြစ်နေပါလိမ့်မည်။ ပန်ကာနှင့် လေအေးပေးစက်တို့ကို တစ်ချိန်လုံးအသုံးမပြုသင့်ပါ။ ထွက်နေသောချွေးဖြင့် အအေးပတ်ကာ လေဖြတ်ဝေဒနာကိုပင် ဖြစ်ပေါ်စေနိုင်၏။ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်များတွင် အရိပ်ရပြီး လေဝင်လေထွက်ကောင်းသည့် နေရာမျိုးတွင်နားနေပါ။ "ကြယ်စုံမှသာရေချိုးပါ" ဆိုသော မြန်မာစကားပုံအရ ကြယ်လစုံသောညချမ်းအချိန်တွင် ရေချိုးပါက ခန္ဓာကိုယ်၏အပူချိန်ကို သဟဇာတဖြစ်စေသည်။ အချို့လူကြီးသူမများက "ရေမချိုးခင်၊ ရေလေးတစ်ခွက်လောက်သောက်လိုက်ပါဦး"ဟု ပြောဆိုတတ်ကြသည်။ ရေချိုးတော့မည်ဆိုပါက အအေးဓာတ်သည် ခန္ဓာကိုယ်အတွင်းသို့ရုတ်တရက်ဝင်ရောက်လာမည်ဖြစ်ရာ အစာအိမ်အတွင်းရှိ အေးမြသောရေက ကြိုတင်၍ကာကွယ်သည့် သဘောမျိုးဖြစ်ပေသည်။




### အစားအသောက်များဖြင့်လည်း ကာကွယ်နိုင်

အပူဒဏ်ကို အစားအသောက်များဖြင့်လည်း ကာကွယ်နိုင်၏။ အလွယ်ကူဆုံးနှင့် အရိုးရှင်းဆုံးနည်းမှာ ရေများများသောက်ခြင်းပင် ဖြစ်သည်။ လူ၏ခန္ဓာကိုယ်တွင် အရည်ဓာတ် ၆၀ ရာခိုင်နှုန်းပါဝင်ကာ လူတစ်ယောက်သည် နွေရာသီ၌ တစ်နေ့လျှင် ရေသန့်ဘူး သုံးဘူးခန့်အထိ သောက်သုံးသင့်၏။ ထို့အပြင် ရေဆာသည့်အချိန်တိုင်း သောက်သင့်သည်။ ရေသည်ခန္ဓာကိုယ်တွင် ရေဓာတ်ခန်းခြောက်ခြင်းကို ဖြည့်တင်းပေးကာ မြင့်တက်လာသော အပူချိန်ကိုထိန်းညှိပေး၏။ သစ်သီးများတွင် အအေးဓာတ်ပါဝင်ရာ အရည်ရွှမ်းသည့် သစ်သီးများကိုလည်း စားသုံးသင့်သည်။ ၎င်းတွင်ပါဝင်သော အမျှင်ဓာတ်ကလည်း ဝမ်းချုပ်ခြင်းကိုသက်သာစေ၏။ ဝမ်းချုပ်ပါက ခန္ဓာကိုယ်အတွင်း၌ အပူဓာတ်များ ကိန်းအောင်းနိုင်ရာ ဝမ်းမှန်စေရန်အတွက် မန်ကျည်းမှည့်ဖျော်ရည်များကို သောက်သုံးကြသည်။ သစ်သီးဖျော်ရည်များသည် ရေဓာတ်ခန်းခြောက်ခြင်းနှင့် သကြားဓာတ်များကိုဖြည့်ဆည်းပေးသည့်အတွက် သောက်သုံးသင့်ပေသည်။ ဖရဲသီးမှာရေဓာတ်အများဆုံးပါဝင်သော သစ်သီးဖြစ်ရာ ၉၀ ရာခိုင်နှုန်း ပါဝင်သဖြင့် ဖျော်ရည်ပြုလုပ်ကာ သောက်သုံးကြသည်။ ထို့အပြင် ကြံရည်၊ တလည်းသီးဖျော်ရည်၊ ဂရိတ်ဖရုသီးဖျော်ရည်၊ လိမ္မော်သီးဖျော်ရည်၊ စပျစ်သီးဖျော်ရည်တို့ကိုလည်း သောက်သုံးသင့်ပါသည်။

စာမျက်နှာ ၇ သို့

> ပူပြင်းသောရာသီဥတုတွင် ချွေးများထွက်လာရာ ၎င်းနှင့်အတူ ဆားဓာတ်များလည်း ကုန်ခန်းသွား၏။ ထိုအချိန်တွင် ရေကိုမသောက်မိပါက ခန္ဓာကိုယ်က ပြန်လည်ထိန်းညှိပေးသော အမိုးနီးယားဖြစ်စဉ်အရ ဆီးအရောင်ရင့်လာကာ ဆီးချုပ်ခြင်းကိုဖြစ်စေသည်။ အပူချိန်မြင့်မားမှုကြောင့် ဆုံးရှုံးသွားသောရေနှင့် ဆိုဒီယမ်ဓာတ်တို့ကို ပြန်လည်မဖြည့်တင်းနိုင်ပါက အပူလျှပ်ခြင်းကိုဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင် ခန္ဓာကိုယ်၏ အပူဓာတ်ကို ထိန်းညှိပေးသည့်စနစ်မှာ ချို့ယွင်းလာကာ အပြင်းအထန် ဖျားနာခြင်းကိုဖြစ်ပေါ်စေနိုင်





# ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်ဖော်ထုတ်သည့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂၁

ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ဖော်ထုတ်သည့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဒွေးအောင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက စုံစမ်းစစ်ဆေးခဲ့သည့် မှုခင်းများမှ ဖော်ထုတ်ရရှိခဲ့သည့်ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကိုလည်းကောင်း၊ ကြီးကြပ်ရေးအာဏာပိုင်များနှင့် သတင်းပို့အဖွဲ့အစည်းများက ၎င်းတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဖော်ထုတ်ရရှိခဲ့သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အရာရှိကြီးများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းအသင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများ အသင်း၊ မြန်မာနိုင်ငံ ရှေ့နေများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ လစာနှုန်းထား တိုးမြှင့်ဖို့မရှိသေး

နေပြည်တော် မေ ၂၁

နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားတိုးမြှင့်မည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့နေသည့် ကောလာဟလနှင့် ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိုက်က အောက်ပါအတိုင်း ဖြေကြားခဲ့ပါသည်။

လက်ရှိ ပြင်ပမှာဖြစ်ပေါ်နေတဲ့၊ သတင်းထွက်ပေါ်နေတဲ့ လစာနှုန်းထားတိုးမြှင့်မယ်ဆိုပြီး ထွက်ပေါ်နေတဲ့ သတင်းကတော့ ကောလာဟလပဲဖြစ်ပါတယ်။ လစာနှုန်းထားတွေကတော့ လက်ရှိလစာနှုန်းထားအတိုင်းပဲဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ လစာနှုန်းထားကို တိုးမြှင့်ဖို့မရှိသေးပါဘူး။

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

❒ စာမျက်နှာ ၆ မှ

အရက်သောက်ခြင်းသည် လူ၏အပူချိန်ကို ချက်ချင်းမြင့်တက်စေကာ ချွေးပေါက်များကို ကျယ်စေသဖြင့် ရာသီဥတုပူပြင်းချိန်တွင် မသောက်သင့်ပါ။ အပူအစပ်အစားအစာများမှာ ခန္ဓာကိုယ်၏ အပူချိန်ကိုတိုးစေသဖြင့် ပူပြင်းသော နွေရာသီတွင် အပူအစပ်အစားအစာများကို မစားသင့်ပေ။ ရေခဲရေ သောက်ခြင်းသည် ရေငတ်မှုကို အာသာပြေလွယ်သည်ဆိုသော်လည်း များများစားစား မသောက်သုံး သင့်ပါ။ ရေခဲရေသည်ချွဲသလိပ်များကို ပိုပြီးဖြစ်ပေါ် စေပြီး လည်ချောင်းကို နာကျင်စေကာ အသက်ရှူ လမ်းကြောင်းကိုပင် အနှောင့်အယှက်ပေးတတ်၏။

နှစ်စဉ် နွေရာသီကာလအတွင်း ပြင်းထန်သည့် နေအပူရှိန်ကြောင့် မိမိတို့၏နေအိမ်များတွင်နေထိုင်ရန်ခက်ခဲပြီး အပူဒဏ်ကိုတိမ်းရှောင်ရန် လိုအပ်သည့် ပြည်သူများအနေဖြင့် အပူဒဏ်ကာကွယ်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပရဟိတအသင်း အဖွဲ့များက ဆောင်ရွက်ပေးသည့် အပူရှောင်စခန်းများတွင်လည်း သွားရောက်နေထိုင်ကြသည်။ ဒေသထွက်ပစ္စည်းဖြစ်သည့် ထန်းလက်များဖြင့် မိုးကာပေးခြင်း၊ ချောင်းသဲဖြူများခင်းပေးကာ ၎င်းအပေါ်တွင် ရေဖျန်းပေးခြင်း၊ အစားအသောက် များစီစဉ်ပေးခြင်းတို့ ပြုလုပ်ပေးလျက်ရှိရာ အလွန် ကောင်းမွန်သော လုပ်ငန်းတစ်ခုဖြစ်ပေသည်။

ယနေ့ကမ္ဘာလောကကြီးတွင် သစ်ပင်သစ်တောများပြုန်းတီးလာခြင်း၊ လူဦးရေထူထပ်လာခြင်း၊ စက်ရုံ၊ အလုပ်ရုံမီးခိုးများမှတစ်ဆင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပိုမိုထွက်ရှိလာခြင်း၊ သဘာဝသယံဇာတပစ္စည်းများ နည်းပါးလာခြင်း စသည်တို့ကြောင့် ရာသီဥတုမှာပူပြင်းလျက်ရှိရာ အပူဒဏ်ကာကွယ်ရေးဆိုသည်မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာအချက်တွင် ပါဝင်လျက်ရှိ၏။ အပူဒဏ်ကြောင့်ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာများသည်လည်း သတိထားရမည့် အဆင့်သို့ ရောက်ရှိနေသည်။ "အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်" ဆိုသောစကားအတိုင်း လူသားတို့သည် အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အချက်များအတိုင်း လိုက်နာနေထိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါ သည်။ ။

**ကိုးကား–**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ ပူးပေါင်းထုတ်ဝေသည့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ စာအုပ်(၂၀၁၇)။**

# အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

**အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

# မနက်ဖြန်နံနက်အထိခန့်မှန်းချက်

နေပြည်တော် မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်သယ်ယူခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၁

ကမ္ဘောဒီးယားနိုင်ငံတွင် မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ အထိမ်းအမှတ် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တက္ကသိုလ်ရိပ်သာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး၊ မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူရေးအစီအစဉ်အတွက် အထူးဖိတ်ကြားထားသော တီမောလက်စ်တေနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အားကစားသမားများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၈၀၀ ခန့် တက်ရောက်ကြသည်။



ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E Mr. CHUM Angvichet နှင့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က အမှတ်တရစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းနှင့် ပြိုင်ပွဲဝင်နိုင်ငံများအပေါ် အိမ်ရှင်နိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှုနှင့် စီစဉ်ဆောင်ရွက်ထားရှိမှုများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသည် အရှေ့တောင်အာရှနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်မှုမြှင့်တင်ရေးကို အပြည့်အဝကိုယ်စားပြုမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးကော်မတီ၏ ကိုယ်စားလှယ် H.E Mr.HOR Sarun က မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်ခြင်း အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံရှိ ကမ္ဘာ့အံ့ဖွယ် အန်းကောဝပ်ဘုရားကျောင်းမှ စတင်၍ အာဆီယံ ၁၀ နိုင်ငံသို့ အစီအစဉ်တကျ ဆက်လက်ထွက်ခွာပြီး မေ ၂၇ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်ဆင့်ကမ်းသယ်ဆောင်**

ဆက်လက်၍ အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်ကို ကမ္ဘောဒီးယားနိုင်ငံအရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီကိုယ်စားလှယ်က မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ စတင်သယ်ဆောင်လာပြီး ၎င်းမှတစ်ဆင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ ၎င်းမှ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ၎င်းမှ မသန်စွမ်းအားကစားသမားနှင့် လေ့လျှော်အားကစားသမားတို့က လက်ဆင့်ကမ်းသယ်ဆောင်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လည်းကောင်း၊ ၎င်းမှ ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ကိုယ်စားလှယ်သို့ လွှဲပြောင်းပေးအပ်ပြီး ကမ္ဘောဒီးယားနိုင်ငံသံရုံးအတွင်းသို့ သယ်ဆောင်၍ ထွန်းညှိသိမ်းဆည်းထားကာ မြန်မာနိုင်ငံမှ လာအိုနိုင်ငံသို့ မေ ၂၂ ရက်တွင် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး အရည်အသွေးပိုမိုကောင်းမွန်သော မျိုးစေ့ပျိုးပင်များထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၂၁

တစ်ကေချင်း၏ ထုတ်လုပ်မှုတိုးတက်ရေးနှင့် အရည်အသွေးမြင့်သီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ရာသီအလိုက် ရေမြေဒေသအလိုက် အရည်အသွေး ပိုမိုကောင်းမွန်သော မျိုးစေ့ပျိုးပင်များ ထုတ်လုပ်ခြင်း၊ စိုက်ပျိုးမှုစနစ်ဆိုင်ရာ အသုံးချသုတေသနများ ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်လုပ်ကိုင်လာစေရေး အသိပညာပေးစည်းရုံးဆောင်ရွက်ကြစေလိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယမန်နေ့တွင် မကွေးမြို့ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုခြံ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒေသသုတေသနဗဟိုခြံ၏ သီးနှံသုတေသန၊ ထုတ်လုပ်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သီးနှံဓာတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ်ပိုမိုရရှိစေမည့် ဒေသရေမြေနှင့်ကိုက်ညီသော ဆီထွက်သီးနှံမျိုးသန့်မျိုးစေ့များနှင့် တန်ဖိုးမြင့်သီးနှံမျိုးများ တိုးချဲ့ထုတ်လုပ်ရန်၊ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းနိုင်မည့် စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံများ၊ ဒေသတွင်းစိုက်ပျိုးရေးဆိုင်ရာ ပြဿနာများ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်၍ စိုက်ပျိုးသူလက်ဝယ်သို့ရောက်ရှိရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဈေးကွက်လိုအပ်ချက်ရှိနေသည့် အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



အလားတူ မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူးရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းဌာနများအားလုံး ပေါင်းစည်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်မှုကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အပူချိန်လွန်ကဲမှုကြောင့် မေလမှ ဇူလိုင်လအတွင်း မွေးမြူရေး (ဥရောပ)ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်တတ်ပြီး အဆိုပါ အတောင်လိပ်ရောဂါကျရောက်မှုကြောင့် သက်ငယ်ပျားများ (Nurse Bees) ဆုံးရှုံးကာ ပျားအုံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အတောင်လိပ်ရောဂါကျရောက်မှုမှ ကာကွယ်နိုင်ရန် အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မေ၊ ဇွန်၊ ဇူလိုင် လများတွင် အပူချိန်မြင့်မားသည့်အတွက် ပျားအုံများကို အရိပ်ကောင်းမွန်သည့် နေရာများတွင် ချထားမွေးမြူရန်။

( ခ ) ကပ်ပါးမွှားရောဂါ ကင်းစင်ရေး ဆောင်ရွက်ရန်။

( ဂ ) ပျားသောက်ရေလုံလောက်စွာ ရရှိရေးဆောင်ရွက်ရန်။

(ဃ) ပျားအုံများလေဝင်လေထွက်ကောင်းမွန်အောင်ဆောင်ရွက်ရန်။

( င ) ပျားအုံများအတွင်း သားလောင်းနှင့် သားထိန်းပျားများ အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်။

( စ ) သကြားနှင့် ရေကို သတ်မှတ်ထားသည့် အချိုးအစားဖြင့် ဖျော်စပ်ပြီး ဆားအနည်းငယ်ထည့်၍ တိုက်ကျွေးရန်။

(ဆ) ပျားသလက်ဘောင်အသစ်များဖြင့် မွေးမြူနိုင်ရေး ဆောင်ရွက်ရန်။

( ဇ ) ရောဂါကျရောက်ဖြစ်ပွားနေကြောင်း သိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးနှင့် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1.16 ဖြစ်ပွားမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၁

ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1.16 ကူးစက်ဖြစ်ပွားမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် ဧပြီလ အတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှု အနည်းငယ် မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများအပါအဝင်ဒေသတွင်းနိုင်ငံများ တွင် ကူးစက်ဖြစ်ပွား လျက်ရှိသော မျိုးရိုးဗီဇပြောင်းပိုး အိုမီခရွန် မျိုးကွဲ XBB.1.16သည် ယခင်ကူးစက်ဖြစ်ပွား ခဲ့သည့် ဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1 နှင့် XBB.1.5 ကူးစက်မှုထက် ၁ ဒသမ ၂၇ ဆအထိ ပိုမို မြန်ဆန်သော်လည်း ရောဂါလက္ခဏာများသည်ပိုမို ပြင်းထန်မှုမရှိကြောင်း၊ ဆေးရုံတက်ရောက် ကုသခံရ မှုနှင့် သေဆုံးမှုလည်း ပိုမိုမြင့်မားခြင်း မရှိကြောင်း၊ အသက်အရွယ်ကြီးသူများနှင့် ရောဂါအခံရှိသူများ တွင်မှု ကူးစက်မှုနှုန်း ပိုမိုမြင့်မားနိုင်ကြောင်း။

ရောဂါကုသရာတွင် လက်ရှိမြန်မာနိုင်ငံ၌ အသုံးပြုလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကုသသည့် ဗိုင်းရပ်စ်ပိုးသတ်ဆေးဝါးများဖြင့်သာ ကုသမှုပေးနိုင် ပြီး ရောဂါကာကွယ်ရေးအတွက် လက်ရှိအသုံးပြု လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ သည် ထိရောက်မှုရှိပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုကို ကာကွယ် နိုင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူများကို စောစီးစွာသိရှိပြီး ကာကွယ်ထိန်းချုပ်မှုလုပ်ငန်း များဆောင်ရွက်နိုင်ရန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်း၊ ဓာတ်ခွဲ စစ်ဆေးခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဆေးသုတေသနဦးစီးဌာနအနေဖြင့် အသစ် ထွက်ပေါ်လာသော အိုမီခရွန်ဗီဇပြောင်းပိုးများနှင့် ပတ်သက်၍ မျိုးရိုးဗီဇစစ်ဆေးခြင်းတိုးမြှင့်ဆောင်ရွက် သွားရန်၊ ရောဂါကူးစက်ဖြစ်ပွားမှု များပြားလာပါက အသွားအလာကန့်သတ်ထားရှိရန်၊ Quarantine Centre များနှင့် ကုသမှု ပေးနိုင်ရန်၊ ဗိုင်းရပ်စ်ရောဂါ ကုသသည့် ဆေးဝါးများ အပါအဝင် အခြားလိုအပ် သော ဆေးဝါးများ၊ ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ကုသရေးစင်တာများ ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ် ရေးနည်းလမ်းများကို တိတိကျကျလိုက်နာဆောင် ရွက်ရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟို ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ညွှန်ကြား ရေးမှူး ဒေါက်တာတိုးသီရိအောင် က ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင် ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ သက်ဆိုင် ရာကဏ္ဍများအလိုက် ဆွေးနွေးကြပြီး ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**




# မုံရွာ သူနာပြု-သားဖွားသင်တန်းကျောင်း အပတ်စဉ် (၂၉) သူနာပြု-သားဖွား ဒီပလိုမာသုံးနှစ်သင်တန်း သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲကျင်းပ

မုံရွာ မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ မြို့ မုံရွာ သူနာပြု-သားဖွား သင်တန်းကျောင်း အပတ်စဉ် (၂၉) သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ် သင်တန်း သင်တန်းသား သင်တန်း သူများအား ကြိုဆိုပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါသင်တန်း ကျောင်း ငါးထပ်ဆောင်ခန်းမ တွင် ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြည်သူအားလုံး ကျန်းမာ ကြံ့ခိုင်ရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် သူနာပြု-သားဖွားများ၏ အခန်း ကဏ္ဍသည် အလွန်အရေးကြီး ပါကြောင်း၊ ပြည်သူ့အကျိုးပြု သူနာပြုကောင်းများဖြစ်အောင် ယခုအချိန်မှစ၍ သင်ခန်းစာများ ကို စာတွေ့၊ လက်တွေ့ စဉ်ဆက် မပြတ် ဆည်းပူးလေ့လာသွား ကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံ တော်နှင့် မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့်လည်း သင်တန်းသား သင်တန်းသူများ စိတ်အေးချမ်းသာစွာ ပညာသင် ကြားခွင့်ရရှိအောင် လိုအပ်သည့် ပံ့ပိုးမှုများကို စဉ်ဆက်မပြတ် ကူညီ ပံ့ပိုးပေးသွားမည်ဖြစ်ပါ ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ ၅၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း ဖြင့် ငွေကျပ် ၂၈၅၀၀၀၀ ကို ကျောင်းအုပ် ဆရာမကြီးထံ ထောက်ပံ့ပေးအပ်ပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်ဆုဆုထိုက်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မုံရွာသူနာပြု- သားဖွား သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများက တေးသီချင်းများဖြင့် ကပြဖျော် ဖြေကြပြီး တိုင်းဒေသကြီး စီးပွား ရေးရာဝန်ကြီး ဒေါ်ရီရီသန်းက အကအဖွဲ့များအတွက် ငွေကျပ် ငါးသိန်း ပေးအပ်ချီးမြှင့်ကာ သင်တန်းသား သင်တန်းသူများ ကိုယ်စား ပထမနှစ်သင်တန်းသူ မမို့သူဇာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့တက်ရောက်လာ သူများနှင့် သင်တန်းသား သင်တန်း သူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် လစဉ်အခမဲ့ကျန်းမာရေး စောင့်ရှောက်ခြင်း ဆောင်ရွက်ပေးနေမှုအား ကြည့်ရှုအားပေး

ပဲခူး မေ ၂၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၌ အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ရောက်ရှိခဲ့ရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ပြီး ဆေးဝါးများလုံလောက်မှုရှိစေရေး ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သက်သာသောနှုန်းထားဖြင့် အခြေခံစားကုန် ဆန်နှင့် ဆီအား လစဉ်ရောင်းချပေးခဲ့သည်။ ပဲခူးတိုင်းဒေသ ကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား လစဉ် ၂၁ ရက် ပင်စင်ထုတ် ရက်ရောက်တိုင်း နိုင်ငံ့ဝန်ထမ်းများအပြင် သက်ကြီး ရွယ်အို အဘိုး/အဘွားများ၊ ရဟန်းသံဃာများ၊ သီလရှင်များကိုလည်း အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပြီး လူနာတစ်ဦးလျှင် ဆေးဝါးတစ်လစာ လစဉ်ထောက်ပံ့ပေးလျက်ရှိ ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအဆင့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃)အား တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးမျိုးဆွေဝင်းက ပူပြင်းခြောက်သွေ့သည့် နွေရာသီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် ရေးနှင့် အသိပညာပေးခြင်း၊ ကြေညာခြင်းများအား ရပ်ကွက်/ကျေးရွာများအထိ နေ့စဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြို့နယ်အလိုက် တစ်သီးစိုက်ပျိုး သည့် မြေနေရာများတွင် အခြားစီးပွားဖြစ် ပြည်တွင်း/ ပြည်ပ ဈေးကွက်ရှိသည့်သီးနှံများ ထပ်မံစိုက်ပျိုးနိုင် ရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တိုင်းရင်း သားစာပေနှင့် ယဉ်ကျေးမှုများ ပြန်လည်ထွန်းကား လာစေရေး ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ရန် လိုအပ်ကြောင်း နှင့် မြို့နယ်အလိုက် နွေရာသီယဉ်ကျေးလိမ္မာ သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကျိုင်းတုံမြို့ရှိ ဗုဒ္ဓဥယျာဉ်တော်အား လှည့်လည်ကြည့်ရှု

ကျိုင်းတုံ မေ ၂၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ ကောဝိဒနှင့်အတူ ကျိုင်းတုံ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဗုဒ္ဓဥယျာဉ်ဆေးခန်း၊ ရေလှောင်တမံများ၊ မော်တော်ယာဉ်ရပ်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ထီးတော်များတင်လှူပူဇော်မည့်နေရာများနှင့်လွယ်မွေတောင်ရှိ နှစ်တစ်ရာအိမ်တော်၊ လွယ်မွေရေကန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လွယ်မွေရှိ စတုရဋ္ဌသုမင်္ဂလာစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး ကျိုင်းတုံ View Point ကြည့်မည့် နေရာတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးသည် ကျိုင်းတုံမြို့ ဟိုကျင်း (အာခါ)(CBT)ကျေးရွာ၌ကျင်းပသော ၂၀၂၃ ခုနှစ် အာဆီယံလူထုအခြေပြုခရီးသွားလုပ်ငန်း စံနူန်းဆုတံဆိပ်ပေးအပ်ပွဲသို့ တက်ရောက်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသသည် ရှမ်း၊ အာခါ၊ လားဟူ၊ "ဝ"၊ ပလောင်၊ အဲန်၊ လွယ် စသည့် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြသည့် ဒေသတစ်ခုဖြစ်ပြီး မတူကွဲပြားသည့် မျိုးနွယ်စုများ၏ ချစ်စရာကောင်းသော ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ရိုးရာအစားအစာနှင့် ပွဲတော်များ၊ အေးမြသည့် ရာသီဥတုကြောင့် ခရီးသွားများ နှစ်သက်စွာ လာရောက်လည်ပတ်နေကြသည်ကို တွေ့ရကြောင်း၊ ၂၀၂၃ ခုနှစ် အာဆီယံလူထုအခြေပြုခရီးသွားလုပ်ငန်း စံနူန်းဆုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ လွိုင်မွေကျေးရွာအုပ်စု ဟိုကျင်း(အာခါ) ကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး စလေမြို့ မကျီးကန် ကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ဆီးကျအင်း(ဓနု)ကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်းစသည့် CBTကျေးရွာသုံးရွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဟိုကျင်း(CBT) ကျေးရွာသည် အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျကာတာမြို့တွင်ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် (၂၀၂၃) အခမ်းအနားက ပေးအပ်သည့် ၂၀၂၃ ခုနှစ် အာဆီယံ လူထုအခြေပြုခရီးသွားလုပ်ငန်း စံနူန်းဆုတံဆိပ်ကို ထိုက်ထိုက်တန်တန် ရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူကြောင်းပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ်အာဆီယံလူထုအခြေပြုခရီးသွားလုပ်ငန်းစံနူန်းဆုတံဆိပ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပေးအပ်ချီးမြှင့်ရာ အာခါတိုင်းရင်းသားလူမျိုးစုအကြီးအကဲ ဦးမင်းညိုက လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်အား အာခါတိုင်းရင်းသားရိုးရာလွယ်အိတ်ကို ပြန်လည်ချီးမြှင့်ပေးပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒလမြို့နယ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ရေဝတီ ရေတပ်စခန်းဌာနချုပ်တို့က သောက်သုံးရေများ လှူဒါန်း

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ပူပြင်းခြောက်သွေ့သော နွေရာသီ၌ သောက်သုံးရေများပြတ်လပ်မှုမရှိစေရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ရေဝတီရေတပ်စခန်းဌာနချုပ်တို့က သောက်သုံးရေများကို ယနေ့ နံနက် ၈ နာရီတွင် ကမာကဆစ်၊ မှော်စက်နှင့် ဗညားဒလရပ်ကွက်ရှိ နန်းဦးပရိယတ္တိစာသင်တိုက်များသို့ သောက်သုံးရေဂါလန်ပေါင်း ၂၅၀၀၀ ကို ရပ်ကွက်ရှိ ရေလှောင်ကန်များ၊ နေအိမ်များသို့ အိမ်တိုင်ရာရောက် ပေးပို့လှူဒါန်းကြသည်။

ရေလှူဒါန်းရာသို့ ရေဝတီရေတပ်စခန်းဌာနချုပ်မှူး၊ ဒလတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်အေးမင်းထွေးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများကလိုက်ပါဆောင်ရွက်ပေးခဲ့ပြီး ဗညားဒလရပ်ကွက်ရှိ နန်းဦးပရိယတ္တိစာသင်တိုက်သို့ ဒလတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်အေးမင်းထွေးက လှူဖွယ်ပစ္စည်းများနှင့် သောက်သုံးရေများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ကယားပြည်နယ် လူရည်ချွန်ကျောင်းသားကျောင်းသူများကို ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံအမှာစကားပြောကြား

လွိုင်ကော် မေ ၂၁

၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်စခန်းအသီးသီးသို့ သွားရောက်မည့် ကယားပြည်နယ် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်က တွေ့ဆုံအမှာစကားပြောကြားခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ လူရည်ချွန် ကျောင်းသား ကျောင်းသူများက တစ်ဦးချင်းအလိုက် မိတ်ဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပြည်နယ်အတွင်း ပညာရည်မြင့်မားရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူရည်ချွန်စီမံကိန်းသည် အနာဂတ်တွင် နိုင်ငံအကျိုးပြု လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်နှင့် ဘက်စုံပညာထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတပြည့်စုံသည့် ကျောင်းသားလူငယ်များကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့သားကောင်း၊ သမီးမွန်များအနေဖြင့် နိုင်ငံအတွက် အားထားရသော ခေါင်းဆောင်ကောင်းများ၊ နိုင်ငံတော်ကို အလုပ်အကျွေးပြုကြမည့်သူများဖြစ်အောင် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံတွင် စံပြအဖြစ် ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လူရည်ချွန်စခန်း အသီးသီးသို့ သွားရောက်မည့် အုပ်ချုပ်သူဆရာ ဆရာမများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ရာ အုပ်ချုပ်သူဆရာ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ပင်းတယမြို့နယ် နန်းကုန်း(ဝေး)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများစစ်ဆေးခြင်းနှင့် စစ်တမ်းကောက်ယူခြင်း ဆောင်ရွက်

ပင်းတယ မေ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများနှင့် စစ်တမ်းကောက်ယူခြင်းများကို ယနေ့နံနက်ပိုင်းက နန်းကုန်းကျေးရွာအုပ်စု နန်းကုန်း(ဝေး )ကျေးရွာသို့ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများသည် နန်းကုန်း(ဝေး)ကျေးရွာရှိ အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေနှင့်အကျိုးအမြတ်ရရှိနိုင်မှုအခြေအနေတို့ကို စစ်တမ်းကောက်ယူခြင်းနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ/မရှိစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နန်းကုန်း(ဝေး)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Type (3) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာတွင် ယခင်နှစ်က ဆီထွက်သီးနှံ စိုက်ပျိုးသည့် အသင်း သား အသင်းသူ ၁၀ ဦးကို စစ်တမ်းကောက်ယူခြင်းဖြစ်ပြီး ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများက တင်ပြသည့် သွင်းအားစု လိုအပ်ချက်များ၊မျိုးစေ့ မျိုးကောင်းများရရှိနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၂



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## နေကြာသီးနှံနှင့်ပတ်သက်၍ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၁**

နေပြည်တော်ကောင်စီနယ်မြေနှင့်တိုင်းဒေသကြီး ပြည်နယ်များ၌ နေကြာမျိုးစေ့ထုတ်ဖုန်များ ထူထောင်ပြီး နေကြာမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေးလုပ်ငန်းများနှင့်အတူ နေကြာစိုက်ပျိုးနည်း၊ နေကြာမျိုးထိန်းနည်း၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်း၊ နေကြာမျိုးကွဲများ၊ နေကြာနှင့်ပတ်သက်သည့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်ရှိပါကြောင်း၊ နေကြာသီးနှံနှင့်ပတ်သက်၍ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောကြားသည်။

**အပင်ဖြစ်ထွန်းမှုကို လေ့လာ**

ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ကွင်းအမှတ် ၁၆၂၃(က) ဦးပိုင်(၁၀) တောင်သူ ဦးဌေးအောင်၏



ငါးဧက စိုက်ကွင်း၌ နွေရာသီတွင် ရေပေးစိုက်ပျိုးခြင်းဖြင့် နေကြာသီးနှံ မျိုးသစ် ခြောက်မျိုး၏ အပင်ဖြစ်ထွန်းမှုကိုလေ့လာခြင်း သုတေသနစိုက်ခင်း၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနများမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

**ဝင်ငွေနှစ်မျိုးရရှိနိုင်**

ဆက်လက်၍ ဒုတိယဝန်ကြီးက နေကြာသီးနှံအထွက်တိုးရန်အတွက် စိုက်ပျိုးထုတ်လုပ်ရာ၌ ဝတ်မှုန်ကူးယှက်မှုအားကောင်းရန် ပျားမွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေနှစ်မျိုးရရှိနိုင်ကြောင်း၊ စိုက်ပျိုးသည့်တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များ၊ တင်ပို့သူများအပါအဝင် လုပ်ငန်းကွင်းဆက်တစ်လျှောက် ပါဝင်လုပ်ကိုင်ကြသူများအားလုံးအတွက် အကျိုးဖြစ်ထွန်းလာစေမည့် နည်းပညာဖွံ့ဖြိုးရေးနှင့် ပြန့်ပွားရေးကို ဝန်ကြီးဌာန၏ ဌာနပေါင်းစုံနှင့် စိုက်ပျိုးသည့်တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ စားရေရိက္ခာဖူလုံရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့်အဖွဲ့သည် နေကြာသီးနှံ မျိုးကွဲ ခြောက်မျိုး၏ အပင်ဖြစ်ထွန်းမှု စမ်းသပ်ကွက်များ၊ နေကြာနှင့် အခြားသီးနှံပင်ကြား၊ တန်းကြားသီးညှပ်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရပ်စောက်မြို့နယ် နားဆံ(ရွာဟောင်း)ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**ရပ်စောက် မေ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်းငွေများ စတုတ္ထအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျိုင်းခမ်းကျေးရွာအုပ်စု နားဆံ(ရွာဟောင်း) ကျေးရွာ၌ ကျင်းပသည်။



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က အဆိုပါ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံသို့ လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက နားဆံ(ရွာဟောင်း)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား အသင်းသူ ၂၇ ဦးအား လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၂၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂၂**



## အများပြည်သူသုံး ထရန်စဖော်မာများ စစ်ဆေး

**ရန်ကုန် မေ ၂၁**

နွေရာသီကာလ ဓာတ်အားသုံးစွဲမှု မြင့်တက်လာချိန်တွင် ပြည်သူအများ လျှပ်စစ်မီးပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ အများပြည်သူသို့ ဓာတ်အားပေးထားသော ထရန်စဖော်မာများအား ဝန်အားတိုင်းတာခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်လျှပ်စစ်မန်နေဂျာက အနီးကပ် လိုက်လံစစ်ဆေးကြပ်မတ်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာမ တက္ကသိုလ်မြမဥ္စူ၏ “ဘဝမြစ်ပြင်ကျယ်နှင့် အခြားဝတ္ထုတိုများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၂ ပုဒ် ပါဝင်သည်။ ဝတ္ထုတိုအားလုံးသည် လူ့ဘဝဇာတ်ခုံပေါ်တွင် ဖြစ်ပျက်နေကြသည့် ဘဝသရုပ်ဖော် ဝတ္ထုတိုများဖြစ်ကာ ရသမြောက်အောင်ရေးဖွဲ့ထားသည်။ မိဘအပေါ် ဆိုးညစ်ယုတ်မာသောကြောင့် အရက်သမားမှ အရူးဘဝသို့ ပြောင်းလဲသွားသူ၊ သံခေါင်းစွပ်သရဲ၊ မြွေဆရာကတိသစ္စာမတည်သောကြောင့် အသက်ဆုံးရှုံးသွားရပုံ၊ ချမ်းသာသော ဂျပန်သူဌေးကြီး၏ ချစ်ရေးဆိုမှုကို ကံငါးပါးထိန်းသိမ်းသော မြန်မာအမျိုးသမီးတစ်ဦးက ငြင်းပယ်သော ဝတ္ထုတို၊ ဇနီးမောင်နှံနှစ်ဦး၏ တစ်ဦးနှင့် တစ်ဦး ဆန့်ကျင်လေ့ရှိသော စိတ်နေသဘောထားကို ဟာသနှောကာ ရေးသားထားသည့် ဝတ္ထုတို၊ ဖဲသမားထွန်းမောင်၏ အသုဘမှ ရယ်မောဖွယ်ဟာသ၊ ယောဂီဒေါ်ငွမ်းပုံ၏ ဘဝဇာတ်လမ်း စသည့်ဝတ္ထုတိုများပါဝင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁- ၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ်(တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂- ၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂,၉၉၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၉၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၅) ဦးအနက် (၈) ဦး၊ (၅၃.၃၃) ရာခိုင်နှုန်းမှာ ပြည်ပမှ ဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၇) ဦး၊ (၄၆.၆၇) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၂၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၈) ဦး | (၅၃.၃၃) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၇) ဦး | (၄၆.၆၇) % |
| စုစုပေါင်း | (၁၅) ဦး | (၁၀၀) % |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၇၂,၅၈၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၂၅၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၅၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၅၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၇၀ | ၂၈၁၀ |
| 95 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၅ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၇ | ၂၀၂၀ |
| 95 Ron | ၂၀၃၇ | ၂၁၁၁ |
| HSD (500 ppm) | ၁၈၇၄ | ၁၉၄၁ |
| HSD (50 ppm) | ၁၉၄၈ | ၂၀၁၆ |
| HSD (10 ppm) | ၁၉၄၈ | ၂၀၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

○ မန်ယူအသင်းမှ

အခုပွဲစဉ်မှာ ဆီဗီလာအသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး အန်နီဆိုင်ရီဟာ ဆီဗီလာအသင်းနဲ့အတူ သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

မန်ယူအသင်းနဲ့ ဆီဗီလာအသင်းတို့ ဥရောပပြိုင်ပွဲတွေမှာ နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့တဲ့ ငါးပွဲမှာ မန်ယူအသင်းအနေနဲ့ တစ်ပွဲမှ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိခဲ့တဲ့ မှတ်တမ်းဆိုးကိုလည်း ရရှိခဲ့တာဖြစ်ပါတယ်။

ဆီဗီလာအသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့်မှာ ဂျူဗင်တပ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အခြားသောယူရိုပါလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေမှာတော့ ရိုးမားအသင်းက ဖီယင်နုအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုး၊ ဂျူဗင်တပ်အသင်းကို စပို့တင်းလစ္စဘွန်းအသင်းကို နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုး၊ လေဗာကူဆင်အသင်းက ယူနီယံစိန့်ဂီလ်လွိုက်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ အသီးသီးတက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ဂျပန်နိုင်ငံရှိ ဒေသန္တရအစိုးရများက ChatGPT အသုံးပြုရန် စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်း

**တိုကျို ဧပြီ ၂၁**

ဂျပန်နိုင်ငံရှိဒေသန္တရအစိုးရများသည် အမေရိကန် ကုမ္ပဏီတစ်ခုဖြစ်သည့် OpenAI မှ ထုတ်လုပ်သော ChatGPT ကို အသုံးပြုရန် စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းပြောကြားလျက်ရှိကြောင်း သိရသည်။

**အသုံးပြုလျက်ရှိ**

တိုကျိုမြို့တော် တောင်ပိုင်းရှိ ယိုကိုဆူကာမြို့ရှိ ဒေသန္တရအစိုးရရုံးများ၌ ဘာသာစကား အထောက်အကူပြုစေရန် ChatGPT ကို ပထမဆုံး အကောင်အထည်ဖော် အသုံးပြုလျက်ရှိသည်။

ထို့ပြင် အစည်းအဝေးမှတ်တမ်းများ ဖန်တီးခြင်းနှင့် မူဝါဒအဆိုပြုချက်များ ရေးဆွဲခြင်းစသည့် လုပ်ငန်းတာဝန်များအတွက် ယိုကိုဆူကာမြို့ရှိ ဝန်ထမ်း ၄၀၀၀ ခန့်ကို ChatGPT အသုံးပြုရန် တိုက်တွန်းလျက်ရှိသည်။ သို့သော် ကိုယ်ရေးကိုယ်တာသို့မဟုတ် အခြားသော လုပ်ငန်းပြင်ပ အချက်အလက်များအတွက် ChatGPT အသုံးပြုခြင်းကို ရှောင်ကြဉ်ကြရန် ဝန်ထမ်းများကို တားမြစ်ထားကြောင်း သိရသည်။

**စမ်းသပ်အသုံးပြုသွားမည်**

လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေခြင်းနှင့် ကုန်ကျစရိတ်မည်မျှသက်သာမှုရှိသလဲ ဆိုသည်ကို တွက်ချက် တိုင်းတာနိုင်ရန်အတွက် ChatGPT ကို တစ်လခန့် စမ်းသပ်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ChatGPT အသုံးပြုမှုနှင့်ပတ်သက်ပြီး ယခုကြေညာချက်ကို ပြင်ဆင်ရာတွင် ယခင်ကြေညာချက်များ ပြင်ဆင်ချိန်ထက် အချိန် ထက်ဝက်ခန့် သက်သာစေကြောင်း တာဝန်ရှိသူများက ဆိုသည်။




ဒေသန္တရအစိုးရက အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများပေးရာတွင် ပိုမိုတိုးတက်ကောင်းမွန်မှုရှိစေရန် ChatGPT ကို ကျယ်ပြန့်စွာအသုံးပြုသွားရန် လိုအပ်ကြောင်း ယိုကိုဆူကာမြို့တော်ဝန် ကာမီဂျီ ကတ်ဆူရာကီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အလားတူ အီဘာရာကီ စီရင်စုတွင်လည်း ခရီးသွားလုပ်ငန်းနှင့် ဒေသထွက်ကုန်များကို ကြော်ငြာရန်အတွက် ဘာသာစကား အထောက်အကူရရှိနိုင်ရန် ChatGPT ကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဆိုမာလီယာနိုင်ငံမြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဇန်နဝါရီလမှ လက်ရှိအချိန်အထိ လူပေါင်း ၈၀ သေဆုံး

**မိုဂါဒစ်ရှူး ဧပြီ ၂၁**

ဆိုမာလီယာနိုင်ငံ(မြောက်ပိုင်း) လက်စ်အနော့ဒ် ဒေသ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မျိုးနွယ်စုခေါင်းဆောင်များကြား ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် လူပေါင်း ၈၀ သေဆုံးခဲ့ကြောင်းနှင့် လူဦးရေ ၃၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။

**ဆက်လက်ဖြစ်ပွားနေ**

တိုက်ပွဲများဖြစ်ပွားမှုကြောင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း လူပေါင်း ၂၀၃၀၀၀ အထိ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်းနှင့် လက်ရှိအချိန်တွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

ထို့ပြင် ဆိုမာလီယာနိုင်ငံ(မြောက်ပိုင်း) လက်စ်အနော့ဒ်ဒေသတွင် တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် လူပေါင်းထောင်ချီ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး လူဦးရေ တစ်သိန်းခန့်သည် နယ်စပ်ဒေသကို ဖြတ်ကျော်ကာ အီသီယိုးပီးယားနိုင်ငံသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။



**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ကိုလံဘီယာနိုင်ငံ ကျူကန်နူဘာမြို့ရှိ ကျောက်မီးသွေးတွင်း တစ်တွင်း၌ ပေါက်ကွဲမှုဖြစ်ပွား

**ဘိုဂိုတာ ဧပြီ ၂၁**

ကိုလံဘီယာနိုင်ငံ ကျူကန်နူဘာမြို့ရှိ ကျောက်မီးသွေးတွင်း တစ်တွင်း၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ မိုင်းလုပ်သား ခုနစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက ယနေ့ အတည်ပြုပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူများကို နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း အုပ်ချုပ်ရေးမှူး နီကိုလက်စ်ဂါစီယာက ဆိုသည်။

ပျောက်ဆုံးလျက်ရှိသည့် မိုင်းလုပ်သား ခုနစ်ဦးအနက် မိုင်းတွင်း၌ပိတ်မိနေသည့် လေးဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

ဧပြီ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်တွင် အဆိုပါမိုင်းတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမျိုးသားသတ္တုတူးဖော်ရေးအေဂျင်စီ၊ မြို့ပြကာကွယ်ရေး၊ ပြည်သူ့တပ်ဖွဲ့နှင့် မီးသတ်ဌာနတို့မှ အဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီး အီရီနီဗီလာဇ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

ကာဗွန်မိုနောက်ဆိုက်၊ မီသိန်းဓာတ်ငွေ့ အပါအဝင် ကျောက်မီးသွေးဖုန်မှုန့်များကဲ့သို့ အဆိပ်သင့်ဓာတ်ငွေ့များ ထွက်ပေါ်လာနိုင်သည့်အတွက် မိုင်းတွင်းထဲသို့ ဝင်ရောက်ရန် ခက်ခဲမှုရှိနိုင်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က မီဒီယာများကို ပြောကြားသည်။

အဆိုပါမိုင်းတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၌ အသက်တစ်နှစ်အောက် ကလေး ၇၆ ရာခိုင်နှုန်း ပုံမှန်ထိုးနှံရန်လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပြီးဖြစ်

**ဖနောင်ပင် ဧပြီ ၂၁**

ကမ္ဘောဒီးယားနိုင်ငံ၌ အသက်တစ်နှစ်အောက် ကလေး ၇၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကလေးငယ်များ ပုံမှန်ထိုးရန်လိုအပ်သည့် ကာကွယ်ဆေးများကို ထိုးနှံထားပြီးဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF က ယနေ့ ပြောကြားသည်။

**ကာကွယ်ဆေးထိုးနှံ**

ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှုန်း အမြင့်မားဆုံးနိုင်ငံများတွင် ပါဝင်လျက်ရှိပြီး အရွယ်ရောက်ပြီးသူ ၉၉ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ကလေးငယ်များ ပုံမှန်ထိုးနှံရန်လိုအပ်သည့် ကာကွယ်ဆေးများကို အသက်တစ်နှစ်အောက် ကလေး ၇၆ ရာခိုင်နှုန်းကို အပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် ကလေးငယ် ရှစ်ရာခိုင်နှုန်းသည် ၎င်းတို့ထိုးနှံရန်လိုအပ်သည့် ကာကွယ်ဆေးများကို ထိုးနှံမှုခံယူရန် ကျန်ရှိနေသေးကြောင်း အစီရင်ခံစာအရ သိရသည်။ အဆိုပါ ကလေးငယ်များသည် ဝေးလံခေါင်ဖျားသည့်ဒေသ၊ တိုင်းရင်းသားလူနည်းစုများဖြစ်ပြီး မြို့ပြသို့ ပြောင်းရွှေ့လာသူများ ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ အသက်တစ်နှစ်အောက် ကလေးငယ်များကို တီဘီ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်၊ ပိုလီယို၊ ဝက်သက်၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်၊ ဂျိုက်သိုးရောဂါနှင့် သားအိမ်ခေါင်းကင်ဆာတို့ကိုကာကွယ်ရန်ကာကွယ်ဆေး ၁၁ မျိုးကို အခမဲ့ထိုးပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**



# အီကွေဒေါနိုင်ငံ၌ မြေပြိုမှုကြောင့် အနည်းဆုံး ၄၃ ဦးသေဆုံး

**ကွီတို ဧပြီ ၂၁**

အီကွေဒေါနိုင်ငံအလယ်ပိုင်း ချမ်ဘိုရာဇို ပြည်နယ်၌ မတ် ၂၆ ရက်က စတင်ဖြစ်ပွားခဲ့သည့် မြေပြိုမှုကြောင့် အနည်းဆုံး ၄၃ ဦးသေဆုံးခဲ့ကြောင်း အီကွေဒေါနိုင်ငံ ရှေ့နေချုပ်ရုံးက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါမြေပြိုမှုသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ယင်းမြေပြိုမှုကြောင့် အဆောက်အအုံများ ပျက်စီးသွားခဲ့ကြောင်း အီကွေဒေါနိုင်ငံ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံးက ပြောကြားသည်။

ယင်းသို့ မြေပြိုမှုဖြစ်ပွားသည့် နေရာတွင် ရုပ်အလောင်း ၄၁ လောင်း ရှာဖွေတွေ့ရှိခဲ့ပြီး နှစ်ဦးမှာ ဆေးရုံတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ထို့ပြင် ၄၅ ဦးပျောက်ဆုံးလျက်ရှိပြီး ယင်းမြေပြိုမှုကြောင့် လူနေအိမ် ၁၆၃ လုံးပျက်စီးကာ လူပေါင်း ၁၀၃၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် အီကွေဒေါနိုင်ငံ စစ်ဘက်နှင့် မီးသတ်တပ်ဖွဲ့က ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာနှင့် မြိုင်မြို့နယ် မကြီးကန်ကျေးရွာတို့ရှိ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများနှင့် လူနေအိမ်များအကာကွယ်ရယူ၍ အကြမ်းဖက်မှုများလုပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement-ROE)နှင့်အညီ ဆောင်ရွက်

နေပြည်တော် မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့၏အကြမ်းဖက်ဌာနချုပ် NUG ရုံးတည်ဆောက်၍ မေ ၁၁ ရက်တွင် ဖွင့်ပွဲပြုလုပ်ရန်စီစဉ်လျက်ရှိသဖြင့် အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူတို့၏ အချိန်နှင့် နေရာတိကျစွာ သတင်းပေးပို့လာမှုအရ တပ်မတော်က လေကြောင်းအကန့်အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းခဲ့မှုအား နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများနှင့် ရုပ်မြင်သံကြားတို့မှ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် မေ ၁၃ ရက်တွင် အပြည့်အစုံ ဖော်ပြခဲ့ပြီးဖြစ်သည်။





PDF အမည်ခံအကြမ်းဖက်သမားများက ပဇီကြီးရွာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှုကို တွေ့မြင်ရစဉ်။

## စစ်ဆင်ရေးဆောင်ရွက်ခဲ့

ဖော်ပြပါ သတင်းများအရ ဧရာဝတီမြစ်အရှေ့ခြမ်းတွင် NUG အကြမ်းဖက်အဖွဲ့၏ အရှေ့ဘက်ဌာနချုပ်အဖြစ် အခြေပြုရန် ကြိုးပမ်းလျက်ရှိသော မန်ဝိန်း၊ စီသာ၊ မန်ခါး၊ စီသောင်၊ စီမူလေး၊ စီမူကြီး၊ တုံးကောက်၊ ရွာသစ်ကုန်းနှင့် နမ့်လန်ကျေးရွာများ တစ်ဝိုက်ရှိ KIA ရင်း(၁၂)နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို မတ် ၂၃ ရက်မှ မေ ၈ ရက်အထိ စစ်ဆင်ရေးဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်အဖွဲ့များထံမှ အလောင်းနှင့်လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပြီး ကျေးရွာများအတွင်း ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် လူနေအိမ်များတွင် ဘန်ကာများ၊ ပစ်ကျင်းများနှင့် မိုင်းအတားအဆီးများ ထောင်ထားခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။





PDF အမည်ခံအကြမ်းဖက်သမားများက ပဇီကြီးရွာ စာသင်ကျောင်းဝင်းအတွင်း ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှုကို တွေ့မြင်ရစဉ်။

ဆက်လက်၍ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ထပ်မံရောက်ရှိနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ မေ ၂၀ ရက်တွင် တပ်မတော် စစ်ကြောင်းများဖြင့် သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ မြောက်ဘက်သို့ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါကျေးရွာအနီးတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် ရှာဖွေစစ်ဆေးခဲ့ရာ ဘုန်းကြီးကျောင်းအုတ်တံတိုင်းအနီးမှ အကြမ်းဖက်သမားအလောင်း လေးလောင်း၊ ကျည်အိမ် နှစ်ခု၊ ၄၀ မမဖုံးသီးငါးလုံး၊ သဲအိတ်ဘန်ကာများ၊ ကျောင်းခြံစည်းရိုး အနီး ဆက်သွယ်ရေးမြောင်းနှင့် ပစ်ကျင်းများ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ဆိုင်ကယ်ခုနစ်စီး၊ လူနေတဲများ၊ ၁၂ ဗို့ကျည် ၁၀ တောင့်၊ မိုင်းရှာစက်တစ်လုံး၊ ဘက်ထရီအိုးအကြီးသုံးလုံး၊ ပြောက်ကျားယူနီဖောင်းများနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။





PDF အမည်ခံအကြမ်းဖက်သမားများက ပဇီကြီးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သဲအိတ်ဘန်ကာများ ပြုလုပ်ထားရှိမှုကို တွေ့မြင်ရစဉ်။

အလားတူ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း မကြီးကန်ကျေးရွာအနီးတစ်ဝိုက်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ရောက်ရှိနေကြောင်း ဒေသခံများကပင် သတင်းပေးပို့လာမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သွားရောက်တိုက်ခိုက် ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်တချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ အဆိုပါ ကျေးရွာ ကျေးလက်ဆေးပေးခန်းအတွင်းမှ အမ်-၂၂ ကျည်အိမ်မျိုးစုံ ၁၀ ခု၊ တရုတ်လက်ပစ်ဗုံးမျိုးစုံ ၁၈ လုံး၊ ဗုံးသီးမျိုးစုံ လေးလုံး၊ ၁၂ ဗို့ကျည် အတောင့် ၃၀၊ ၅ ဒသမ ၅၆ မမကျည် အတောင့် ၆၀၀၊ ၇ ဒသမ ၆၂ မမကျည် အတောင့် ၁၀၀၊ ရိုင်ဖယ်ကျည် အတောင့် ၅၀၊ ကားမျိုးစုံ လေးစီး၊ ဆိုင်ကယ်မျိုးစုံ အစီး ၂၀၊ ပြောက်ကျားယူနီဖောင်းများ၊ ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ အဆိုပါကျေးရွာရှိ နေအိမ်များအတွင်းမှ လက်လုပ်ရှေ့တိုက်ပြောင်း ရှစ်ခု၊ လက်လုပ်မိုင်းစုံ ၄၆ လုံး၊ ယမ်း ရှစ်ပိဿာလေးထပ်၊ လက်တော့ပ် နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။



မြိုင်မြို့နယ် မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်း၌ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိသည့် မှတ်တမ်းဓာတ်ပုံ။

## လူသားတံတိုင်းအဖြစ်အသုံးချလျက်ရှိ

အထက်ပါဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မှုအရ မြေပြင်တွေ့ရှိချက်များသည် တစ်ထပ်တည်းတွေ့ရှိရပြီး သတင်းပေးပို့လာသည့် အချက်အလက်များအတိုင်း အကြမ်းဖက်အဖွဲ့များသည်ကျေးရွာဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများအတွင်း ဘန်ကာများဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးထားခြင်း၊ ကျေးရွာပတ်လည်တွင် လက်လုပ်မိုင်းများဖြင့် အတားအဆီးပြုလုပ်ထားခြင်းများကို တွေ့ရှိရသည်။ ထို့အပြင် အကြမ်းဖက်အဖွဲ့များအနေဖြင့် ၎င်းတို့လှုပ်ရှားသွားလာမှုများတွင် အပြစ်မဲ့ဒေသခံ ရွာသူ ရွာသားများကိုအလှည့်ကျခေါ်ဆောင်လိုက်ပါစေပြီး တိုက်ပွဲဖြစ်ပွားချိန်များတွင် ရွာသူ ရွာသားများကို လူသားတံတိုင်း (Human Shield)အဖြစ် အသုံးချလျက်ရှိကြောင်းကိုလည်း မြေပြင်တွေ့ရှိချက်များအရ ဖော်ထုတ်သိရှိရသည်။ ၎င်းတို့အသုံးချနေသော ရွာသူ ရွာသားများ ထိခိုက်သေဆုံးမှုရှိပါက တပ်မတော်အပေါ် မီဒီယာအရ ဝါဒဖြန့်မှုများဖြင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၅ သို့ ❖

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ညောင်ပင်သာကျေးရွာနေ နန်းကြည်ထွေးသည် ၎င်းအသုံးပြုသည့် “Nan Kyi Htwe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁)တိုးချဲ့ရပ်ကွက်နေ ထက်ထက်လှိုင်(ခ)ထက်ထက်၊ အမှတ်(၃၈)ရပ်ကွက်နေ မေပန်းချီစိုးနောင်(ခ)မေပန်းချီနှင့် ရွှေရည်သိန်းတန်၊ စမ်းချောင်းမြို့နယ် မြေနီကုန်း (မြောက်)ရပ်ကွက်နေ ကျော်မင်းဆွေ(ခ) အံ့ဟိန်း(ခ) ကျော်ပိုင်ဟိန်း၊ ရွှေပြည်သာမြို့နယ် သံဖြူဆိုင်ရပ်ကွက်နေ မေသက်လင်း၊ အလုံမြို့နယ် ကရင်ခြံရပ်ကွက်နေ စောမင်းထက်အေးတို့သည် ၎င်းတို့အသုံးပြုသည့် “Htet Htet” Facebook အကောင့်၊ “May Panche” Facebook အကောင့်၊ “Shwe Yee Thein Tan” Facebook အကောင့်၊ “Kyaw Min Swe” Facebook အကောင့်၊ “Saw Min Htet Aye” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျောက်ဖျာဒိုးကျေးရွာနေ ကောင်းလွင်ထူးသည် ၎င်းအသုံးပြုသည့် “Kaung Lwin Htoo” Facebook အကောင့်၊ အမှတ်(၈)ရပ်ကွက်နေ အိရွှေဇင်ဦး(ခ)Nan Ank Yoon သည် ၎င်းအသုံးပြုသည့် “Nan Ank Yoon (Ma Ma Ei)” Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာနေ နှင်းနှင်းခိုင်(ခ)မနှင်းသည် ၎င်းအသုံးပြုသည့် “Ma Hinn” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



မြိုင်မြို့နယ် မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်းဝင်းအတွင်း၌ PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခဲ့သည့် နေရာအား တွေ့မြင်ရစဉ်။

❖ စာမျက်နှာ ၁၄ မှ

ထို့အပြင် အကြမ်းဖက်သမားများသည် မေ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား မော်တော်ယာဉ်တစ်စီးပေါ်မှ သံဃာတော်များအသွင်ယူ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ပြည်သူလူထုအများစု ကိုးကွယ်ယုံကြည်အလေးထားသော ဘုန်းတော်ကြီးများအသွင်ဟန်ဆောင်ကာ သာသနာ၏ အမြတ်တနိုး တန်ဖိုးထားသော သင်္ကန်းကိုအသုံးချ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အငိုက်ဖမ်းတိုက်ခိုက်မှုသည် ပြည်သူလူထုတစ်ရပ်လုံးအပေါ် စိတ်နှလုံးညှိုးနွမ်းစေရုံသာမက နိုင်ငံတကာတွင်လည်း နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာကျဆင်းစေသော လုပ်ရပ်ဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူလူထုနှင့် တပ်မတော်က လိုလားသော ထာဝရငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ၎င်းတို့၏ကိုယ်ကျိုးကို ရှေ့တန်းတင်လုပ်ဆောင်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အထောက်အပံ့များကိုရယူကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလှမ်းကွာဝေးသောဒေသများတွင် ဒေသခံလူထုအား အနိုင်ကျင့်ခြိမ်းခြောက်၍ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းနှင့် လူနေအိမ်များတွင် သဲအိတ်၊ ဘန်ကာများ ဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးခြင်း၊ ပတ်ဝန်းကျင်တွင် လက်လုပ်မိုင်းအတားအဆီး ထောင်ထားခြင်းများ ပြုလုပ်လာခဲ့သည်။ ထို့အပြင် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရာတွင် ဘုရားကျောင်းကန်၊ ရဟန်းသံဃာနှင့်သီလရှင်များအပေါ်တွင်လည်း ရက်စက်ယုတ်မာမှုများလုပ်ဆောင်လာခဲ့ပြီး ဗုဒ္ဓဘာသာဝင်တို့အထွတ်အမြတ်ထားရာ သင်္ကန်းကိုအသုံးချ၍ အကြမ်းဖက်မှုလုပ်ရပ်များကိုလည်း စက်ဆုပ်ရွံရှာဖွယ် ပြုလုပ်လာကြောင်း တွေ့ရှိရသည်။ အဆိုပါ အများနှင့်သက်ဆိုင်သော စစ်ဘက်နှင့် မသက်ဆိုင်သည့် အဆောက်အအုံနေရာများကို အသုံးချခြင်း၊ ပြည်သူများကို လူသားတံတိုင်းအဖြစ်အသုံးချခြင်းသည် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ ယုတ်မာသော လုပ်ရပ်များနှင့်ပတ်သက်၍လည်း ၎င်းတို့အပေါ် ရွံမုန်းကြောက်ရွံ့နေသည့် ပြည်သူများအနေဖြင့် ရရှိသည့်အခွင့်အရေးအပေါ် မူတည်၍ သတင်းအချက်အလက်များကို လုံခြုံရေးတပ်ဖွဲ့များထံ အဆက်မပြတ်ပေးပို့လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ဥပဒေမဲ့လုပ်ရပ်များ ကျူးလွန်ကာ ပြည်သူအပေါ် နိုင်ထက်စီးနင်းအနိုင်ကျင့်သတ်ဖြတ်နေသော အကြမ်းဖက်အဖွဲ့များကို ဥပဒေနှင့်အညီ အင်အားအကန့်အသတ်ဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆင်နွှဲနေခြင်းဖြစ်သည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများတွင် လိုက်နာရသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement– ROE)နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်နိုင်ရေး ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်မြို့နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၁

မြိတ်မြို့နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် ရွှေပြည်တန်လမ်းနှင့် အောင်မင်္ဂလာလမ်းထောင့်ရှိ မီးပွိုင့်အနီးတွင် ရှိုင်းကိုကိုအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီတွင် မြိတ်တောင်ရပ်ကွက် ပေါ်ဦးလမ်းသွယ်ရှိ မကေသွယ်ဖြိုး ၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀၊ ဘိန်းဆီခဲ သုည ဒသမ ၂၂၆၃၃ ကီလိုနှင့် ဘိန်းဖြူ သုည ဒသမ ၂၇၄ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် သုဓမ္မာလမ်းပေါ်တွင် မောင်ခင်ဝင်း(ခ)ခင်ဝင်းအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



ရှိုင်းကိုကိုနှင့် မကေသွယ်ဖြိုးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 9 Lesson 1: Requesting

**I. Complete the sentences with the words given below.**

| | | | |
|---|---|---|---|
| notebook | pencil | pencil case | ruler |
| eraser | stapler | highlighter | pen |

1. I need a _______________ to write my notes.
2. Maung Maung draws a picture with his _______________.
3. We use a _______________to draw a straight line.
4. I have a mistake. May I borrow your _______________?
5. A _______________is very useful for attaching papers together.
6. My _______________ has run out of ink.
7. She highlights these words with her a _______________.
8. There are four pens, two pencils and one erase in my _______________.

**II. Choose the correct words given below.**

1. We use _______________to cut papers.
   (A)eraser (B) pencil (C) scissors
2. We use _______________to draw and colour.
   (A) ruler (B) pencil case (C) colour pencils
3. We use _______________ to put pencils and pens in.
   (A) pencil case (B) sharpener (C) eraser
4. We use _____________ to measure or draw a straight line.
   (A) ruler (B) scissors (C) eraser
5. We use _______________ to sharpen pencils.
   (A) ruler (B) eraser (C) sharpener

**III.Choose the correct verbs given below.**

| | | | |
|---|---|---|---|
| buy | lend | borrow | use |
| sharpen | draw | erase | |

1. I want to _____________ my pencil marks.
2. I want to _______________ a straight line.
3. I need a pencil. Can you ______________ me one?
4. Do you need an eraser? I will ______________ you mine.
5. Mother ____________ me colour pencils.
6. We _____________ scissors to cut papers.
7. I need a sharpener to _____________ my pencils.

**IV. Choose the right answer: "borrow" or "lend".**

1. Could you ___________ me some money, please?
   (a)borrow (b) lend
2. Some students can ___________ books from their school library.
   (a)borrow (b) lend
3. Will you ___________ me your umbrella till tomorrow?
   (a)borrow (b) lend
4. You may ___________ my bike, but be careful.
   (a)borrow (b) lend
5. My uncle won't _____________ his car to anyone.
   (a) borrow (b) lend
6. You can _____________ your book to Khin Khin.
   (a)borrow (b) lend
7. Could I _____________ your car?
   (a)borrow (b) lend
8. Will your mother ___________ you some money?
   (a)borrow (b) lend

**V. Make polite requests for the following situation.**

**e.g. (tell me the time)**

**Could you tell me the time?**

1. (open the window) _________________?
2. (show me your passport) _________________?
3. (lend me your camera) _________________?
4. (lock the door when you leave) _________________?
5. (give me another cup of coffee) _________________?
6. (explain me today's lessons) _________________?
7. (repair my watch) _________________?
8. (join us on Sunday afternoon) _________________?
9. (help me with my homework) _________________?
10. (tell me your address) _________________?

* * * * * * * * * * * *

*Answers*

*Unit 9 Lesson 1: Requesting*

*I. 1. notebook; 2. pencil; 3. ruler; 4. eraser; 5. stapler; 6. pen; 7. highlighter; 8. pencil case;*

*II. 1. (C) scissors; 2. (C) colour pencils; 3. (A) pencil case; 4. (A) ruler; 5. (C) sharpener;*

*III. 1. erase; 2. draw; 3. borrow; 4. lend; 5. buys; 6. use; 7. sharpen;*

*IV. 1. (b) lend; 2. (a) borrow; 3. (b) lend; 4. (a) borrow; 5. (b) lend; 6. (b) lend; 7. (a) borrow; 8. (b) lend;*

*V. 1. Could you open the window? 2. Could you show me your passport? 3. Could you lend me your camera? 4. Could you lock the door when you leave? 5. Could you give me another cup of coffee? 6. Could you explain me today's lessons? 7. Could you repair my watch? 8. Could you join us on Sunday afternoon? 9. Could you help me with my homework? 10. Could you tell me your address?*

***********************

## Grade 7

### Unit 7 Lesson 1: A day in the life of a teacher

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We usually have our l_____________ at 11:30 a.m.
2. You need to join the beginner c_____________.
3. I would like to ask you a q_____________.
4. I have a very important m_____________ today.
5. What is your d_____________ of birth?

**II. Complete the following sentences with the given words.**

| | | | |
|---|---|---|---|
| Months | midnight | week | calendar |
| days | weekend | task | |

1. She spent the _____________ camping.
2. _____________ refers to 12 o'clock during the night.
3. How many days are there in a_____________?
4. There are seven _____________ in a week.
5. A _____________ tells us day and date.

**III.Supply the correct form of the verbs given in brackets.**

1. (teach) Who ____________ you English?
2. (prepare) Mother ____________ for breakfast at the moment.
3. (check) She ____________ her makeup in the mirror.
4. (set) The school is ____________ new rules for next year.
5. (take) She always ____________ her smartphone when she goes out.

**IV. Complete the following sentences with the words given below. There are two extra words.**

| | | | |
|---|---|---|---|
| Today | yesterday | Tomorrow | two days ago |
| this weekend | Thursday | Saturday | |

1. The present day is _______________.
2. The day before today is _______________.
3. The day after today is _______________.
4. _______________ is the last day of the week.
5. _______________ comes after Wednesday.

**V. Fill in the blanks.**

(1) _______________ comes before Tuesday.
(2) _______________ comes before Friday.
(3) Saturday comes after _______________.
(4) Thursday comes after _______________.
(5) _______________ comes after Saturday.
(6) The day that starts with an F is _______________.
(7) The day that starts with an M is _______________.
(8) There are 2 days that start with T. They are _______________ and _______________.
(9) There are 2 days that start with S. They are _______________ and _______________.
(10)The day before Monday is _______________.

**VI. Answer the questions.**

(1) Today is Monday. Which day was yesterday?
_______________________________________.
(2) Today is Friday. Which day is tomorrow?
_______________________________________.
(3) Today is Tuesday. Which day is tomorrow?
_______________________________________.
(4) Today is Wednesday. Which day was yesterday?
_______________________________________.
(5) If today is Monday, yesterday was Sunday. Which day will it be tomorrow?
_______________________________________.

**VII. Read the clues and fill in the missing letters.**

| | | |
|---|---|---|
| 1. | Today is Monday. Tomorrow will be…. | (1) T__ e__d__y |
| 2. | There are seven days in one of these. | (2) w__ __ __ |
| 3. | There are sixty of these in an hour. | (3) __ __ __ ute __ |
| 4. | Each year has twelve of these. | (4) m__n__ __ s |
| 5. | There are sixty of these in a minute. | (5) s__ __ o__ d __ |
| 6. | This is the month after July. | (6) __ __ __ ust |
| 7. | Twelve o'clock at night. | (7) m__ d __ __ __ __ t |
| 8. | It can tell you the day and date. | (8) c__ __e__ __ ar |
| 9. | There are 365 of them in a year. | (9) __ __ y__ |
| 10. | This is the shortest month of the year. | (10) __e__r__ __ry |

* * * * * * * * * * * *

*Answers*

*Unit 7 Lesson 1: A day in the life of a teacher*

*I. 1. lunch; 2. course; 3. question; 4. meeting; 5. date;*

*II. 1. Weekend; 2. Midnight; 3. Week; 4. Days; 5. Calendar;*

*III. 1. teaches; 2. is preparing; 3. checked; 4. setting; 5. takes;*

*IV. 1. Today; 2. Yesterday; 3. Tomorrow; 4. Saturday; 5. Thursday;*

*V. 1. Monday; 2. Thursday; 3. Friday; 4. Wednesday; 5. Sunday; 6. Friday; 7. Monday; 8. Tuesday and Thursday; 9. Saturday and Sunday; 10. Sunday;*

*VI. 1. Sunday; 2. Saturday; 3. Wednesday; 4. Tuesday; 5. Tuesday;*

*VII. 1. Tuesday; 2. week; 3. minute; 4. months; 5. seconds; 6. August; 7. midnight; 8. calendar; 9. days; 10. February;*

* * * * * * * * * * * *

## Grade 8

### Unit 10 Lesson 2: More time to relax

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Teenagers should have more time to r______________.
2. S_______________ are the best days of our lives.
3. She spends a m_______________ of her time taking care of her children.
4. I have low blood p______________.
5. Your plans for the future are very a______________.
6. He is learning English as a second l_____________.
7. During my l____________ time, I enjoy reading.
8. Careful preparation for the exam is e_____________.
9. Reading and listening to music are my favourite h____________.
10. Teenagers can gain great s__________ from their hobbies.

**II. Supply the correct form of the words given in brackets.**

1. (worry) Her parents became _____________ when she didn't come home by dark.
2. (teen) Most _______________ are busy with their studies.
3. (press) He puts a lot of _____________ on his son.
4. (ambition) Only ______________ students get the best marks.
5. (good) Did you do _____________ in the exam?
6. (important) Most _____________, you must keep a record of everything you do.
7. (relax) I feel very ______________.
8. (refresh) she felt ______________ after her sleep.
9. (satisfy) Our hobbies can give a great ___________ to us.
10. (confident) He lacked the ____________ to success.

**III. Complete the following sentences with the correct forms of the verbs given below. There are two extras.**

| | | | |
|---|---|---|---|
| relax | hobby | leisure | consequently |
| proud | concentrate | | essential |

1. My parents are very _______________ of my good marks.
2. Water is ______________ for life.
3. My car broke down and ______________ I arrived late.
4. I can't ______________ when I am hungry.
5. ____________ is a kind of recreation.

**IV. Answer the questions.**

(1) What kind of days are the best days of our lives?
______________________________________________.

(2) What are most teenagers worried about nowadays?
______________________________________________.

(3) Who give teenagers a lot of pressure?
______________________________________________.

(4) What do teachers ask teenagers to do?
______________________________________________.

(5) Who want teenagers to do well in their exams?
______________________________________________.

(6) What do some parents want their children to do?
______________________________________________.

(7) What is essential for our mental and physical well-being?
______________________________________________.

(8) Why are leisure activities important for teenagers?
______________________________________________.

(9) What do teenagers need to do according to the passage?
______________________________________________.

************************

### Lesson 3: What do you like doing in your free time?

**Grammar**

I. Rewrite the following sentences with "like to V1 / like Ving", as shown in example.

e.g. Ko Ko ____________ (like / play) football.
Ko Ko likes to play football.(or) Ko Ko likes playing football.

1. Ma Lay ___________ (like / cook) the rice.
2. They ___________ (like / play) computer games.
3. He ____________ (like / dance) at the party.
4. She ____________ (like / sing) a song.
5. We ___________ (like / drink) milk.
6. It ___________ (like / sleep) under my bed.
7. I ___________ (like / read) the newspaper.
8. You ___________ (like / watch) Korean movies.
9. Hnin Hnin ___________ (like / tell) a story to us.
10. Min Min ___________ (like / play) the guitar.

**II. Choose the correct answer: "To + infinitive or Gerund".**

1. She avoided ______________ (tell) him about her plans.
2. He would like _____________ (come) to my birthday party.
3. We enjoy _____________ (have) a bath in the evening.
4. We kept _____________ (talk) during the film.
5. My brother is learning ___________ (speak) Japanese.
6. Do you mind ___________ (give) me a helping hand?
7. They helped me ___________ (carry) my books.
8. Mother has finished ___________ (cook) for dinner.
9. He decided ___________ (study) Chinese.
10. She dislikes ___________ (wait).

**III. Complete the sentences with the gerund or to-infinitive form of the verbs given below.**

| | | | | |
|---|---|---|---|---|
| go | come | be | buy | wait |
| finish | speak | move | laugh | work |

1. I chose ________________ here.
2. I couldn't help __________________.
3. I considered ______________ to Nay Pyi Taw.
4. They practised ______________ English every day.
5. Finally mother managed ______________ the work.
6. I really can't stand _____________ for the bus.
7. We can't afford ______________ a new car this year.
8. I'd love ______________ along with you.
9. I prepared _______________ on holiday.
10. It seems ______________ raining.

**IV.Read the passage.**

Hello! My name is Kyaw Swar. I like playing volleyball and basketball but I hate swimming. I'm good at playing the pian but I'm not good at playing the guitar. My best friend Ko Ko likes playing the guitar. I can't stand listening to the guitar. I really dislike it. He is good at playing musical instruments.

My mother likes cooking and she is really good at it. I like everything she cooks for me. She likes drawing pictures and painting in her free time. She very talented. My father's hobby is reading and he always reads books every afternoon. He also enjoys inventing and fixing things but he is really bad at sports that's why he dislikes watching basketball and football on TV.

Lastly, I'm crazy about doing puzzles and ice-skating, and in fact every day when I finish my homework and have some free time I do puzzles or go with my mom to the ice-skating rink near my house. I don't like staying at home and doing nothing. Anyway, who loves that?

**Answer the questions.**

(1) What does Kyaw Swar like doing in his free time?
______________________________________________.

(2) What does Kyaw Swar's mom do when she has free time?
______________________________________________.

(3) How often does Kyaw Swar's father read books?
______________________________________________.

(4) Why does Kyaw Swar's father dislike watching sports on TV?
______________________________________________.

(5) What does Kyaw Swar prefer to do when he finishes his homework?
______________________________________________.

************************

**Answer**

**Lesson 2 : More time to relax**

I. 1. relax; 2. Schooldays; 3. majority; 4. pressure; 5. ambitious; 6. language; 7. leisure; 8. essential; 9. hobbies; 10. satisfaction;

II. 1. worried; 2. teenagers; 3. pressure; 4. ambitious; 5. well; 6. importantly; 7. relaxed; 8. refreshed; 9. satisfaction. 10. confidence;

III. 1. proud; 2. essential; 3. consequently; 4. concentrate; 5. Hobby;

IV. 1. Schooldays are the best days of our lives. 2. Most teenagers are worried about their homework, exams and marks nowadays. 3. Teachers and their parents give teenagers a lot of pressure. 4. Teachers ask teenagers to work harder. 5. Ambitious parents want teenagers to do well in the exam. 6. Some parents want their children to learn foreign languages or take a computer course. 7. Free time is essential for our mental and physical well-being. 8. Leisure activities are important for teenagers because a break from study can refresh their mind and body, and activities like cooking or painting give them a complete break. 9. Teenagers need to take up a hobby, have fun doing it and learn new things according to the passage.

*****************

**Lesson 3: What do you like doing in your free time?**

I. 1. Ma Lay likes to cook/ likes cooking the rice. 2. They like to play/ like playing computer games. 3. He likes to dance/ likes dancing at the party. 4. She likes to sing/ likes singing a song. 5. We like to drink/ like drinking milk. 6. It likes to sleep/ likes sleeping under my bed. 7. I like to read/ like reading the newspaper. 8. You like to watch/ like watching Korean movies. 9. Hnin Hnin likes to tell/ likes telling a story to us. 10. Min Min likes to play/ likes playing the guitar.

II. 1. telling; 2. to come; 3. having; 4. talking; 5. to speak; 6. giving; 7. to carry; 8. cooking; 9. to study; 10. waiting;

III. 1. to work; 2. laughing; 3. moving; 4. speaking; 5. to finish; 6. waiting; 7. buying; 8. to come; 9. to go; 10. to be;

IV. 1. Kyaw Swar likes playing volleyball and basketball in his free time. 2. Kyaw Swar's mom draws pictures and paints when she has free time. 3. Kyaw Swar's father reads books every afternoon. 4. Kyaw Swar's father dislikes watching sports on TV because he is really bad at sports. 5. Kyaw Swar prefers to do puzzles or go with his mom to the ice-skating rink near his house when he finishes his homework.

*****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၁

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့ မွန်းလွဲပိုင်းတွင်လည်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဧယျာသီရိခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေးဆိုင်ရာတို့နှင့်ပတ်သက်၍ အမှာစကားများ ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူးမြို့နယ်၊ ကသာမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့မှ KIA/PDF အဖွဲ့ဝင် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ရှစ်ဦးတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ထောက်ပံ့ငွေများ၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သူများကိုယ်စား မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သူများကို အသိအမှတ်ပြုကတ်ပြားများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် မေ ၂၁

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့ နံနက်ပိုင်းတွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး နှစ်ဦးကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ကျောက်ဖြူမှ**

သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက်အတွင်း အခြားသောခရီးသွားလမ်းကြောင်းများဖြစ်သည့် ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်းတို့မှ အပန်းဖြေခရီးသွားများ ဝင်ရောက်ခဲ့ရာ ငပလီအပန်းဖြေကမ်းခြေ၌ ခရီးသွားတစ်သိန်းခွဲခန့် ဝင်ရောက်ခဲ့ပြီး ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဘိုတဲ၊ အဆောင်၊ နေအိမ်နှင့် ဘုန်းတော်ကြီးကျောင်းတို့၌ ခရီးသွားများဖြင့် စည်ကားခဲ့သည်။

"ဒီနှစ်သင်္ကြန်ကာလပိတ်ရက် ၁၀ ရက်မှာ မနှစ်ကထက် ငပလီကမ်းခြေကို ဧည့်သည် ပိုပြီးဝင်ရောက်ခဲ့ပါတယ်။ ဧည့်သည်တွေအတွက် လုံခြုံရေး၊ ကျန်းမာရေးနဲ့ အရေးပေါ်အသက်ကယ်ဆယ်ရေးကိစ္စရပ်အားလုံးကို သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဘေးအန္တရာယ်ကင်းကင်းနဲ့ ရုံးပိတ်ရက်ကာလပြီးဆုံးခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ နောင်နှစ်တွေမှာလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ ဧည့်သည်တွေ အဆုထက်ပိုပြီး လာရောက်စေလိုပါတယ်။ ခရီးသွားဝင်ရောက်မှုများလေ ဟိုတယ်တွေမှာ တည်းခိုကြတဲ့ အခွန်အခတွေလည်း နိုင်ငံတော်အတွက် ရရှိစေတဲ့အပြင် ခရီးသွားကဏ္ဍပွင့်လန်းမှုဟာ ဒေသခံတွေအတွက်လည်း လူမှုစီးပွားအခွင့်အလမ်း ပွင့်လန်းလာတဲ့အတွက် ဒီနှစ်သင်္ကြန် ခရီးသွားဝင်ရောက်မှုဟာ အားရကျေနပ်စရာကောင်းပါတယ်"ဟု ရခိုင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ထွဋ်အောင်က ပြောသည်။

ငပလီကမ်းခြေသို့ ယမန်နှစ်သင်္ကြန်ကာလ၌ ခရီးသွားတစ်သိန်းခန့် ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွား တစ်သိန်းခွဲခန့် ဝင်ရောက်ခဲ့ရာ လေကြောင်းလိုင်းများ၊ ခရီးသွားပို့ဆောင်ရေးကဏ္ဍ၊ ဟိုတယ်/ တည်းခိုခန်းများနှင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများစွာ ပွင့်လန်းခဲ့သည်။

ထိုနည်းတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ သင်္ကြန်ကာလရုံးပိတ်ရက် ၁၀ ရက်တွင် ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားသားခရီးသွားများဝင်ရောက်ခဲ့ပြီး သျှစ်သောင်းဘုရားပွဲ၊ ထုက္ကန်သိမ်ဘုရားပွဲနှင့် အံတော်သိမ်ဘုရားပွဲတို့ကို မေ ၂ ရက်မှ ၆ ရက်အထိ ကျင်းပရန်ရှိ၍ ကျောက်တော်တောင်ဘုရားပွဲနှင့် ကျောက်တော်ရေပေါ်သင်္ကြန်ကို မေ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်တိုင် ကျင်းပရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါလျော့ကျမှုနှင့်အတူ ခရီးလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပါက မြန်မာ့ခရီးသွားကဏ္ဍ ပိုမိုပွင့်လန်းခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများစွာ ပွင့်လန်းမှုမှ ဒေသဖွံ့ဖြိုးဝင်ငွေတိုးစေမည့် အကျိုးကျေးဇူးကိုရရှိစေမည်ဖြစ်သည်။ ယခုနှစ် မြန်မာ့နှစ်ကူး သင်္ကြန်ကာလရုံးပိတ်ရက်တွင် ငပလီကမ်းခြေသို့ ခရီးသွားဧည့်သည် အများဆုံးဝင်ရောက်ခဲ့ပြီး လေကြောင်းလိုင်းများမှ ခေါက်ရေ ၁၀၅ ခေါက်အထိ ပြေးဆွဲခဲ့ကာ မေ ၁၃ ရက် တစ်ရက်တည်းတွင် ခေါက်ရေ ၁၇ ခေါက်အထိ ပြေးဆွဲကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

**❖ MFF မှ**

အနိုင်ရထားသည့် ရွှေပြည်သာအသင်းက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ယင်းနှစ်သင်း၏နောက်တွင် M-Million အသင်းနှင့် Dream Team Legends အသင်းတို့က ရမှတ် ၁၂ မှတ်စီ၊ Red Eagles အသင်းနှင့် NY အသင်းက ရမှတ် ၁၀ မှတ်စီ၊ ရိုးမအသင်းက ခြောက်မှတ်ရရှိထားကာ Maryar အသင်းမှာမူ ပွဲတိုင်းအရေးနိမ့်ကာ ဇယားအောက်ဆုံးရောက်ရှိနေသည်။

**ကိုညီလေး**

# MNL-2 အမှတ်ပေးပြိုင်ပွဲ မေ ၂၄ ရက် စတင်ကျင်းပမည်

ရန်ကုန် မေ ၂၁

၂၀၂၃ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ကို မေ ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယခုရာသီ MNL-2 ပြိုင်ပွဲကို အသင်းစုစုပေါင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ပဒုမ္မာကွင်းနှင့် စလင်းကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ် (၁) အဖြစ် မေ ၂၄ ရက်တွင် စလင်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်း၊ ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း၊ မေ ၂၅ ရက်တွင် စလင်းကွင်း၌ မောရဝတီအသင်းနှင့် Port အသင်း၊ ပဒုမ္မာကွင်း၌ Glory Goal အသင်းနှင့် Golden Grit အသင်း၊ မေ ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ တက္ကသိုလ်အသင်းနှင့် ရွှေပြည်သာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုရာသီ MNL-2 ပြိုင်ပွဲတွင် အသင်းသစ်အများစု ပါဝင်လာပြီး ပုံမှန်ပါဝင်နေသည့် တန်းတက်စနစ်အပြင် ပထမဆုံးအဖြစ် တန်းဆင်းစနစ်ကိုပါ ကျင့်သုံးမည်ဖြစ်သည်။

နောက်ဆုံးကျင်းပသည့် ၂၀၂၂ ရာသီ MNL-2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အသင်းများအနက် ချန်ပီယံဖြစ်ခဲ့သည့် တက္ကသိုလ်အသင်း၊ ဒုတိယရခဲ့သည့် Junior Lions အသင်း အပါအဝင် မောရဝတီတို့ သုံးသင်း ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။ တက္ကသိုလ်အသင်းသည် ချန်ပီယံဖြစ်ခဲ့သဖြင့် တန်းတက်ကစားခွင့်ရသော်လည်း တန်းမတက်ဘဲ MNL-2 တွင်သာ ဆက်လက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ကိုညီလေး**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂၁

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## Operating Partners Myanmar Co., Ltd

**ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် အကြောင်းကြားစာ ကြေညာချက်**

**လူမှုခံယူခြင်းဆိုင်ရာ ဥပဒေ ၂၀၁၊ နည်းဥပဒေ ၈၇**

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

| | |
|---|---|
| ကုမ္ပဏီအမည် | Operating Partners Myanmar Co., Ltd |
| ကုမ္ပဏီ၏ကုန်သွယ်မှုအမည် | Operating Partners Myanmar Co., Ltd |
| ကုမ္ပဏီ၏ မှတ်ပုံတင်အမှတ် | 109616168 |
| ကုမ္ပဏီ၏ မှတ်ပုံတင်လိပ်စာ | No. 154/156, 51 Street Upper Block, 10 Quarter, Pazundaung Township, Yangon, Myanmar |
| ကုမ္ပဏီ၏ အီးမေးလ် | opm.adm16@gmail.com |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအမည် | ဒေါ်စန်းစန်းဝင်း (MAIP – 00136) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ | No. 5, 3rd Floor, 111st Street, Mingalar Taung Nyunt Township, Yangon, Myanmar |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အီးမေးလ် | ssw.adm23@gmail.com |
| ကြွေးမြီတောင်းခံရမည့်နောက်ဆုံးနေ့ | ၂၀၂၃ ခုနှစ်၊ မေလ (၂၂) ရက် |

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ Operating Partners Myanmar Co., Ltd အား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး ဒေါ်စန်းစန်းဝင်းအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ် ဒေါ်စန်းစန်းဝင်းထံသို့ ကျန်ရှိသော ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို အထက်ဖော်ပြပါ ကြွေးမြီတောင်းခံရမည့် နောက်ဆုံးနေ့မတိုင်မီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏ အီးမေးလ်သို့ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် ကြေညာအပ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားစာ ထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ် တောင်းဆို ချက်အတွက် သက်သေခံ အထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို ကုမ္ပဏီ၏ မြီရှင်တစ်ဦးဦးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းသည် အောက်ဖော်ပြပါ အခွင့်အရေးများကို ရယူခံစားပိုင်ခွင့်မရှိစေရ –

(၁) ၎င်း၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို တင်သွင်းခြင်းမပြုမီက ပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်၊

**ဒေါ်စန်းစန်းဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**Operating Partners Myanmar Co., Ltd. (ဖျက်သိမ်းဆဲ)**

## Dream Job Myanmar Limited

**ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် အကြောင်းကြားစာ ကြေညာချက်**

**လူမှုခံယူခြင်းဆိုင်ရာ ဥပဒေ ၂၀၁၊ နည်းဥပဒေ ၈၇**

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

| | |
|---|---|
| ကုမ္ပဏီအမည် | Dream Job Myanmar Limited |
| ကုမ္ပဏီ၏ကုန်သွယ်မှုအမည် | Dream Job Myanmar Limited |
| ကုမ္ပဏီ၏ မှတ်ပုံတင်အမှတ် | 100345056 |
| ကုမ္ပဏီ၏ မှတ်ပုံတင်လိပ်စာ | No. 3, 5th Floor, U San Nyunt Street, Sanchaung Township, Yangon, Myanmar |
| ကုမ္ပဏီ၏ အီးမေးလ် | adm.djm2013@gmail.com |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအမည် | ဒေါ်စန်းစန်းဝင်း (MAIP – 00136) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ | No. 5, 3rd Floor, 111st Street, Mingalar Taung Nyunt Township, Yangon, Myanmar |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အီးမေးလ် | ssw.adm23@gmail.com |
| ကြွေးမြီတောင်းခံရမည့်နောက်ဆုံးနေ့ | ၂၀၂၃ ခုနှစ်၊ မေလ (၂၂) ရက် |

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် ကျင်းပသောအစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ Dream Job Myanmar Limited အား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး ဒေါ်စန်းစန်းဝင်းအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ် ဒေါ်စန်းစန်းဝင်းထံသို့ ကျန်ရှိသော ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို အထက်ဖော်ပြပါ ကြွေးမြီတောင်းခံရမည့် နောက်ဆုံးနေ့မတိုင်မီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏ အီးမေးလ်သို့ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် ကြေညာအပ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားစာ ထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို ကုမ္ပဏီ၏ မြီရှင်တစ်ဦးဦးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းသည် အောက်ဖော်ပြပါ အခွင့်အရေးများကို ရယူခံစားပိုင်ခွင့်မရှိစေရ –

(၁) ၎င်း၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို တင်သွင်းခြင်းမပြုမီက ပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်၊

**ဒေါ်စန်းစန်းဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**Dream Job Myanmar Limited (ဖျက်သိမ်းဆဲ)**

## သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏

## ဒဂုံတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၃–ခုနှစ်၊ ဇွန်လတွင် ပြုလုပ်မည့် (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ(တင်ဒါ) ကို ဒဂုံတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို (၂၀–၄–၂၀၂၃)ရက် စတင်လက်ခံမည်ဖြစ်ပြီး (၉–၅–၂၀၂၃)ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီတွင် နောက်ဆုံးထားတင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံရိုက်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**ဒဂုံတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## နေပြည်တော်– ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ပါတည်ဆောက်ရေး လုပ်ငန်း (၂)မျိုး Lot (၂)ခု ကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း Room No.301 (701.5 sqft), 301B (170.5 sqft), 302(170.5 sqft), 303(701.5 sqft), 303B(345.0 sqft) & Corridor Ceiling Work | 1 Lot | ဇေယျာသီရိ မြို့နယ် |
| (ခ) | (၁၀၀'x ၄၇'x ၂၄') နှစ်ထပ် (ဓာတ်ခွဲခန်း) RC အဆောက်အဦအသစ် တည်ဆောက်ခြင်း (၁၂၀'x ၂၀') ကွန်ကရစ်လမ်းအပါအဝင် | 1 Lot | ဇေယျာသီရိ မြို့နယ် |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – ၄ – ၅ – ၂၀၂၃ ရက် (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ – စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်) စီမံခန့်ခွဲရေးနှင့်ပြင်ဆင်ထိန်းသိမ်းရေးဌာနစု

၄။ တင်ဒါလျှောက်လွှာအရောင်းပိတ်ရက် – ၁၂ – ၅ – ၂၀၂၃ ရက် ညနေ (၁၆:၃၀)နာရီ

၅။ တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် – ၁၅ – ၅ – ၂၀၂၃ ရက် ညနေ (၁၆:၃၀)နာရီ

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၃၄၁၆၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ မြေကွက်အမှတ်(၈၂၇)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၈၂၆)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးစံထွန်း(ISN–၂၅၉၃၂၃)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသန်းဇော်ဌေး[၈/မမန(နိုင်)၁၉၃၄၁၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၂၆၆၀၆၁၊၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၁၂၄၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်–၅၊ နည်းဥပဒေ –၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် –၆၈

| | | |
|---|---|---|
| **၁။ ဦးသန်းထွန်းလေး** | နှင့် | **ဦးချစ်လှိုင်** |
| **၂။ ဒေါ်အေးအေးစိုး** | | |
| **တရားလိုများ** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ (၁၄) လမ်းအနောက်၊ အမှတ် (၇၃၈) ရပ်နေ ဦးချစ်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးသန်းထွန်းလေးပါ–၂ ဦးက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့(၁၃၈၅ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက်) နေ့မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား) (လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူး (၅)နေရာ လစ်လပ်လျက်ရှိရာ တိုင်းရင်းသား(ကချင်၊ ကယန်း၊ ချင်း(ချိုး)၊ ဂေဘား၊ မွန်၊ 'ဝ'၊ ကိုးကန့်၊ ပအိုဝ်း၊ ခနု) ဘာသာများမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀–၄–၂၀၂၃)ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အမြဲတမ်း ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းသတ်မှတ်ချက်မှာ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ပြီး မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆို ရေးသားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။

၃။ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားရေးအတွက် အရည်အချင်းစစ်ဆေးရေးစာမေးပွဲ ရေးဖြေ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ သက်ဆိုင်ရာတိုင်းရင်းသားဘာသာ)နှင့် လူတွေ့ကို နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်–တပ်ကုန်းသို့ (၂၁–၅–၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (စာတိုက်မှသော်လည်းကောင်း၊ တိုက်ရိုက်ပို့၍သော်လည်းကောင်း နောက်ကျမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

(က) ကိုယ်ရေးရာဇဝင်အကျဉ်း (လက်ရှိနေထိုင်လျက်ရှိသည့်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ ထည့်သွင်းရန်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ/ သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ

(ဂ) ဒီပလိုမာအောင်လက်မှတ်များရှိပါက မိတ္တူ

(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

(စ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) ဝင်ကြေးငွေကျပ် ၂၀၀၀/–ပေးသွင်းသည့် ချလန်မူရင်း (သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order) ပြေစာမူရင်း

၄။ စာမေးပွဲဝင်ကြေးငွေကျပ် ၂၀၀၀/–ကို မြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းမြို့ ငွေစာရင်းအမှတ်၊ အမ်ဒီ ၀၁၀၃၉၀ သို့လည်းကောင်း၊ ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ် ငွေစာရင်းအမှတ်၊ အမ်ဒီ ၀၁၀၆၆၉သို့လည်းကောင်း၊ ကျန်ပြည်နယ်/တိုင်းဒေသကြီးများမှ လျှောက်လွှာများပေးပို့လိုပါက ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်–တပ်ကုန်းသို့ လိပ်မူ၍ သက်ဆိုင်ရာ စာတိုက် (သို့) အမြန်ချောပို့များမှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order)ဖြင့် ပူးတွဲ၍လည်းကောင်း ပေးပို့ရပါမည်။

၅။ သတ်မှတ်ချက်ကိုက်ညီသည့် လျှောက်လွှာများအားစိစစ်၍ ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို သတင်းစာများမှ ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်–တပ်ကုန်း၊ တယ်လီဖုန်းအမှတ်၊ ၀၆၇–၈၀၇၉၁၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ဒီကရီကိုအတည်ပြုလုပ်ရာတွင် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၅၄နှင့်ဆက်နွှယ်သည့်
## အလုံခရိုင်တရားရုံး ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၆၄

| | | |
|---|---|---|
| ဦးမျိုးမြင့်လွင် | နှင့် | ဦးဝင်းနိုင်(ကန်ထရိုက်တာ) Royal Win Construction Group |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၁၉)နေ အထက်အမည်ပါ တရားရှုံး ဦးဝင်းနိုင် (ကန်ထရိုက်တာ) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၇ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၂၅၄တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်ရန် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်၊ (၁၃၈၅ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးမွန်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**အလုံခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
- (ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
- (ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
- (ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည်ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာ လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# သင်္ကြန်ကာလရုံးပိတ်ရက်တွင် ငပလီကမ်းခြေသို့ ခရီးသွား အများဆုံးဝင်ရောက်ခဲ့ပြီး လေကြောင်းလိုင်းများမှ ခေါက်ရေ ၁၀၅ ခေါက်အထိ ပြေးဆွဲခဲ့ရ

ရန်ကုန် မေ ၂၁

မြန်မာ့နှစ်သစ်ကူး သင်္ကြန်ကာလ ရုံးပိတ်ရက် ၁၀ ရက်တွင် အများပြည်သူ အပန်းဖြေအနားယူရာ ငပလီကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပခရီးသွား အများဆုံး ဝင်ရောက်ခဲ့ရာ အဆိုပါ အပန်းဖြေကာလ အတွင်း လေကြောင်းလိုင်းများမှ သံတွဲလေဆိပ်သို့ ခေါက်ရေ ၁၀၅ ခေါက်ပြေးဆွဲခဲ့ရပြီး ယမန်နှစ်ကထက် ခရီးသွားပိုမိုဝင်ရောက်ခဲ့ကြောင်း ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ငပလီကမ်းခြေတွင် အပန်းဖြေကြမည့် ပြည်တွင်းခရီးသွား ၅၁၉၀၊ နိုင်ငံခြားခရီးသွား ၁၇၂ ဦးတို့ သံတွဲလေဆိပ်သို့ ဝင်ရောက်ခဲ့ပြီး ဟိုတယ် ၆၅ လုံးတွင် ၅၈ လုံး ဖွင့်လှစ်ခဲ့၍ ပြည်တွင်းဧည့်သည် ၂၈၀၀၂ ဦး၊ နိုင်ငံခြားသားဧည့်သည် ၈၀၃ ဦးတည်းခိုခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✳



သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ငပလီ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်အပန်းဖြေကြစဉ်။

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဒုတိယအကျော့ ယနေ့ စတင်ကျင်းပမည်

ရန်ကုန် မေ ၂၁

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဒုတိယအကျော့ကို မေ ၂၂ ရက်(ယနေ့)တွင် စတင်ကျင်းပမည်ဖြစ်သည်။

ဒုတိယအကျော့ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ နံနက် ၉ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၈)အဖြစ် ရိုးမအသင်းနှင့် M-Million အသင်း၊ လက်ဝဲသုန္ဒရအသင်းနှင့် Maryar အသင်း၊ NY အသင်းနှင့် Dream Team Legends အသင်း၊ Red Eagles အသင်းနှင့် ရွှေပြည်သာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် ရွှေပြည်သာအသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့ ရမှတ် ၁၆ မှတ်စီ တူညီနေသော်လည်း နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွင်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

## မန်ယူအသင်းကို အနိုင်ရပြီး ဆီဗီလာအသင်း ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

ဆီဗီလာအသင်းနဲ့ မန်ယူအသင်းတို့ မေ ၂၁ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ် ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့မှာ ဆီဗီလာအသင်းက မန်ယူအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ပထမအကျော့မှာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-နှစ်ဂိုးနဲ့ ဆီဗီလာအသင်းက အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

ဆီဗီလာအသင်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့မှာ ဆီဗီလာအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၈ မိနစ်နဲ့ ၈၁ မိနစ်တို့မှာ အန်နီဆိုင်ရီ က နှစ်ဂိုးနဲ့ ၄၇ မိနစ်မှာ ဘာဒေး က တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**

**ကာကွယ်ကြမယ်၊ အပူဒဏ်အန္တရာယ်**

ဆောင်းပါး စာမျက်နှာ » ၆

**PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာနှင့် မြိုင်မြို့နယ် မကြီးကန်ကျေးရွာတို့ရှိ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများနှင့် လူနေအိမ်များအကာကွယ်ရယူ၍ အကြမ်းဖက်မှုများလုပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(Rules of Engagement-ROE)နှင့်အညီ ဆောင်ရွက်**

စာမျက်နှာ » ၁၄